မိတ်ဆွေစာပေ

# မှော်တောင်းပုတ်လေး

## နှင့်

## အခြားပုံပြင်များ



မောင်မဟာ

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၇ အောက်တိုဘာလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၃၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ချယ်ရီမေ |
| ကွန်ပျူတာ | - | ကောင်းထက်(ရွှေပြည်သာ) |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄)<br>စင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း။ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

မောင်မဟာ ၃၉၈.၂
မှော်တင်းပုတ်လေးနှင့်အခြားပုံပြင်များ/မောင်မဟာ၊
ရန်ကုန်၊
စင်ရတနာစာစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။
၁၃၆-စာ၊ ၁၂ x ၁၈ စင်တီ

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကြွေး | – ၃ |
| ၂။ | မှော်တင်းပုတ်လေး | – ၃၀ |
| ၃။ | လမင်းထိန်ထိန်သာ | – ၅၇ |
| ၄။ | ချီတုံချတုံ မရွှေမှုံ | – ၇၀ |
| ၅။ | နွားနို့တစ်စက် | – ၈၆ |
| ၆။ | အာမခံ | – ၉၇ |
| ၇။ | အချက်ပြ | – ၁၁၀ |

# ကြောင်

တစ်ခါက ဖြစ်သည် ကျေးလက်တစ်ခုတွင် ဖြစ်သည်၊ “ ဆန္ဒီ ” အမည်ရှိ ကျေးလက်သားတစ်ယောက်ရှိခဲ့၏။

ကျေးလက်သူ ကျေးလက်သား အများစုသည် “ဆန္ဒီ” ကို “ ဆန္ဒီ ” ဟူ၍ မခေါ်ကြပေ၊ ကြောင်ဟူ၍ ခေါ်ဝေါ်ကြသည်၊ “ ဆန္ဒီ ” ဟူ၍ ငယ်ရွယ်စဉ်က မိဘပေးခဲ့သော အမည်ပင်ပျောက်နေ၏။

၎င်းအား တွေ့မြင်ကြသည့် သူများက ကြောင်ဟူ၍ ခေါ်ဝေါ်ကြသည်၊ ကြောင်ဟူသည့်အမည်ကို နှုတ်ကျိုးနေကြပြီး ဖြစ်သည်၊ ကြောင်ဟူ၍ နှုတ်ကျိုးစွာခေါ်ဝေါ် လည်း ခေါ်ဝေါ်စရာ ဖြစ်ရသည်၊ အကြောင်းမူကား “ ဆန္ဒီ ” သည် သူစကား ပြောဆိုပြီးလျှင် နည်းနည်းပါးပါးမျှပင် မကြောင်ရမနေ

ကြွားလုံးထုတ် ထည့်သွင်းပြောဆိုလေ့ရှိသည့် အတွက်ကြောင့် ပင်ဖြစ်သည်။

ကြွားလုံချည် အသစ်စက်စက်တစ်ထည် ဝတ်ဆင်လာသည်ကို ကျေးလက်သားတစ်ယောက်တွေ့ မြင်သည်၊

" ကြွား . . . လုံချည်အသစ်နဲ့ ပါလား "

" ဟုတ်တယ်၊ မြို့ဈေးက ဝယ်လာတာ ဆယ်ထည် ဝယ်လာတာ၊ အခုဗီရိုထဲမှာ မဝတ်ရသေးတဲ့ အသစ်စက်စက် လုံချည်ကိုးထည်တောင် ကျန်ပါသေးတယ်၊ အဆင်ကောင်းကွင်း ကောင်းတွေချည်းပဲ "

ကြွားက ချက်ချင်းလက်ငင်း ဗိုပိုမိုမိုစီကာစဉ်ကာ ကြွားပါသည်၊ စင်စစ်လုံချည်အသစ်စက်စက်တစ်ထည်မျှသာ ဝယ်ပေးခြင်းဖြစ်သည်။

ကြွားတစ်ယောက်လုံချည်အစုတ်အပြဲ အဖါဖါအထေးထေး အဆင်းမရှိ အရောင်မရှိသည်ကို နေ့စဉ်နေ့တိုင်းဝတ်ဆင်နေသည့်အဖြစ်ကို မကြည့်ရက်မမြင်ရက်သူတစ်ဦးက ဝယ်ခြမ်းပေးလိုက်သည်ကိုပင် ကြွားက လုံချည်အသစ်စက်စက် ဆယ်ထည်ဝယ်ခြမ်းလာခဲ့သည်ဟူ၍ ကြွားလုံးထုတ်၏။

ကျေးလက်သား ကျေးလက်သူများအားလုံးက ကြွား

အကြောင်းသိရှိကြပြီဖြစ်သည်၊ ပြုံးကြရယ်ကြသည်၊

တစ်ခါက ကြောင်းသည် မြစ်ဆိပ်အနီးတွင် ယောင်လည်လည်ရှိနေသည်ကို ရှာသူတစ်ယောက်ကမြင်၏။

" ကိုကြောင်းဘယ်သွားမလို့လဲ "

ရှာသူက မေးမေးပြောပြောပြု၏။

" မြို့ကို သွားမလို့လေ "

" ရှာတောင်ပိုင်းက ကိုသံလုံးတို့ လှေလည်း မြို့ကိုသွားဖို့ ရှိတယ်၊ အဆင်သင့်အရန်သင့်ပဲ၊ လှေကြီးနဲ့ လိုက်သွားပေါ့ ကိုကြောင်း"

" လှေကြီးနဲ့ မလိုက်ပါဘူး "

ကြောင်းက ခါးခါးသီးသီးငြင်းဆန်သည်၊

" အောက်ကျနောက်ကျဗျာ၊ မြို့ကိုဆန်မယ့် မီးသင်္ဘောကို စောင့်နေတာဗျ၊ ကျုပ်က ပထမတန်းက စီးသွားမှာ"

" မြို့ကိုလည်းသွားမယ်၊ သင်္ဘောပထမတန်းကလည်း စီးသွားမယ်ဆိုရင်တော့ ပိုက်ဆံများများပါမှ ဖြစ်မယ် ကိုကြောင်း" ဟု ရှာသူက ပြောသည်၊

" ခင်ဗျားနှယ် ပိုက်ဆံများများမပါ,လို့ ဖြစ်မလား "

ကြွားက ပြားကပ်နေသော သူ့အင်္ကျီအိတ်ကိုပင် လက်ဖြင့်ပုတ်ပြ သက်သေထုကြွားပြလိုက်ပါသေးသည်။

* * *

ကြွား၏ ကြွားလုံးကို ကျေးလက်သူ ကျေးလက်သား အပေါင်းအသင်းများက ပြောဆိုရယ်မောမဆုံးရှိကြသည်။

တစ်ခါတစ်ခါတွင် ကြွားသည်သူ၏ နည်းနည်းပါးပါး မျှပင် မကြွားရ မနေနိုင်ဖြစ်နေသည့်အဖြစ်ကို သတိမူမိသည်။

"သူတို့တစ်တွေငါ့ကိုကြည့်ပြီး ရယ်လည်းရယ်ချင်စရာ၊ ငါကလည်း ကြွားချင်ချင် ဖြစ်နေတော့တာကိုး။ နည်းနည်းလေးဖြစ်ဖြစ်ထည့်သွင်း ကြွားလိုက်ငါလိုက်ရမှ" ဟု ကြွားက သူ့ကိုယ်သူဝေဖန်ရေးပြုလုပ်၏။

ကြွားလူ့လတ်ပိုင်းအရွယ်ရောက်ရှိပြီး ကြွားသည် တစ်ခါတစ်ခါ သူ၏ ပတ်ဝန်းကျင်ကို ငြီးငွေ့လာမိသည်။ သူကိုယ်တိုင်သည်လည်း သူ၏အကျင့်ဖြစ်နေကျ တစ်ဖက်သားက သူ့အား အထင်တကြီး ရှိလာစေရန် လိုအပ်သည်ထက်ပင် ပိုမိုသာသာကြွားဝါမှုပြုပေသည်။

ယင်းအကြောင်းကြောင့်လည်း ကျေးလက်နေအရွယ်

ရောက်ကြီးပြင်းလာကြသူများအချင်းချင်းက ကြွေးဟု အမည်ပေးကာ သူ့အား လှောင်ပြောင်မှုပြုနေကြသည့် အဖြစ်ကိုလည်း အချိန်ကာလကြာမြင့်လာသည့်အချိန်တွင် ကြွေးရှက်ရွံ့လာသည်၊ သူ့အား သူ၏ အမည်အရင်း " ဆန်ဒီ" ဟူ၍ အသိအမှတ်ခေါ်ခေါ်ပြောပြောဖြင့် ဆက်ဆံစေချင်သည့်ဆန္ဒ ကိန်းအောင်းလာပေသည်။

ကြွေးသည် သူ့အား နှစ်ပေါင်းများစွာ ချုတ်ကိုင်ခေါ်ဝေါ်လာသည့် ကြွေးဟူသည့်အမည်ပြောင်အမည်လှောင်အစား၊ "ဆန်ဒီ"ဟူသည့် မိဘနှစ်ပါးမြတ်နိုးစွာပေးခဲ့သည့် နာမည်ဖြင့် လူကြားသူကြားလူထဲသူထဲသို့ ဝင်ဆန့်လိုလှပြီဖြစ်သည်။

" သူတို့တစ်တွေက ကြွေးလို့ငါ့ကို ခေါ်ဝေါ်လာတာကလည်း ငါကလူတွေကြားမှာ ပေါ်လွင်ထင်ရှား ချင်လွန်းလို့ကြံမိကြံရာ ပြောမိပြောရာ ပြောရင်းဆိုရင်းနဲ့ ကြွေးစရာမရှိကြံဖန်ပြီး စိတ်ကူးယဉ်ပြီး ကြွေးရာရောက်ရှိခဲ့ရာက အကျိုးကြီးပါလို့" ဟူ၍လည်း ကြွေးသည် သူ့ကိုယ်သူ ထပ်လောင်း၍ ဝေဖန်ရေးပြုလုပ်သည်။

ကြွေးသည် သူ့အဖြစ်ကိုသူ ရယ်ချင်ချင်ဖြစ်လာသည်

သူသည် မရှိသည်ကို အရှိဟု၍ သူ၏အနီးဝန်းကျင်သို့ လှည့်စား ပြောဆိုခဲ့သည်မှာ အကြိမ်ကြိမ်အခါခါပဲဖြစ်သည်၊ လူအများသူ့ အပေါ် အထင်တကြီးရှိနေသည်လား၊ မရှိသည်လား ကြွား စူးစမ်းမှုပြုမနေပေ။ သို့သော်ငြား လူသူအများ၏ ရယ်မောသံ ကိုမူ ကြွားကြားနေရပေသည်။

“ ငါ ဒီကျေးလက်ဒီပတ်ဝန်းကျင်ကနေ ထွက်ခွါမယ်”

ကြွားဆုံးဖြတ်ချက်ချလိုက်သည်။

“ ခဏတစ်ဖြုတ်မျှလောက် စိတ်ပြေလက်ပျောက်ပြေလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် အလျှဉ်းခြေဦးတောင် မလှည့်တဲ့ အဖြစ်လည်း ဖြစ်ချင်ဖြစ်မယ် ”

ကြွားပိုင်ပိုင် မဆုံးမဖြတ်နိုင်ပေ၊ ယခုလည်း မည်သူ တစ်ဦးမျှကျေးလက်မှ ထွက်ခွာသွားရန် မောင်းထုတ်သည် လည်း မဟုတ်ရပါပေ၊ ကြွားတစ်ယောက် လပေါင်းများစွာ နှစ်ပေါင်းများစွာ ဖြတ်သန်းလွန်မြောက်လာသည့်အချိန်တွင် သူကိုယ်သူ ဝေဖန်ရေးပြုလုပ်လိုက်ခြင်းပင်ဖြစ်သည်။ ထိုအခါ ကြွားအသိဝင်လာသည်။

“ ကျွန်တော်ခရီးရှည်ထွက်ဦးမယ်ဗျာ၊ ခြေဆန့်လက် ဆန့်ပေါ့ ” ကြွားသည် သူ၏ ပတ်ဝန်းကျင်သို့ ကြားကောင်းရုံ

သက်သက်မျှသာ သတင်းလွှင့်ခဲ့သည်။

* * *

ရယ်သွမ်းသွေးကြမည့်သူများသည်လည်းမရှိ၊ ကြွေး ဟု၍ နှိမ်ခေါ်သလိုလို ပြောင်ခေါ်သလိုလို ခေါ်ဝေါ်မည့်သူများသည် လည်း၊ လမ်းခရီးရှည်တွင် တစ်ယောက်မျှမရှိ တစ်ယောက်မျှပင် မတွေ့မမြင်ရပေ။

" အို . . . လွတ်လပ်လိုက်တာ " ဟု၍ ကြွေးသည် ပြောလိုက်မိပေသည်၊ သူ့အနီးဝန်းကျင်တွင် စိမ်းလန်းဝေဆာနေ သော သစ်ပင်သစ်တောများ ပန်းပွင့်ပန်းခင်းများ တစ်မျှော်တစ် ခေါ် ရှိနေ၏။ မြက်ခင်းစိမ်းစိမ်းများပေါ်မှာ လျှောက်လှမ်းရသည် မှာလည်း၊ အထိအတွေ့နူးညံ့ သက်သာစွာရှိနေ၏။ စမ်းရေစီးသံ များသည်လည်း သာသာယာယာ၊

ကြွေးသည် ဆာလောင်သည့်အခါ ပွတ်ခဲစွာ သီးနေ သော သစ်သီးများကို ခူးဆွတ်စားကာ သူ့ဝမ်းကိုဖြည့်တင်း သည်၊ ရေဝတ်သော် စမ်းရေကို လက်ခုပ်ဖြင့် သဲ့ယူသောက် သုံးသည်၊ ညဥ့်ရောက်သော်သစ်ပင်အမြင့်တစ်ပင်ကို ရွေးချယ် ကာ ခွကြားတွင် တက်ရောက်အိပ်စက်လိုက်သည်။

ကြွေးသည် ဇာတိကျေးလက်မှ ထွက်ခွါလာခဲ့သည်မှာ ရက်အတန်မျှကြာမြင့်ခဲ့သည်။ ကျေးလက်နှင့် အလွန်ဝေးကွာလာခဲ့သည့်အဖြစ်ကို ကြွေးသိရှိသည်။

ကြွေးသည် တောင်ခြေရင်းတစ်ခုသို့ ရောက်ရှိသည်။ တောင်သည်မြင့်လွှင့်စွာရှိနေ၏။ သူနေထိုင်သော ကျေးလက်အနီးအပါးတွင် သို့နှယ်မြင့်မားသောတောင်ဟူ၍ မရှိပါပေ၊ ကြွေးသည် တောင်မြင့်ကိုလှမ်းမျှော်ကြည့်လိုက်သည်။

" မြင့်လိုက်တဲ့တောင်နှယ် " ကြွေးအံ့သြကြီးစွာရှိနေ၏။

" တောင်ကြီးဖဝါးအောက်ရယ်လို့ ငါကြားဖူးထားတယ်၊ ဘယ်လောက်ပဲ မြင့်မြင့်လေ၊ ငါတောင်ပေါ်ကို တက်ချင်လိုက်တာ၊ တက်မယ် "

ကြွေးက တောင်မြင့်ကြီးသည် "တက်ရောက်နိုင်လျှင် တက်ရောက်လှည့်စမ်း " ဟူ၍ ယင်းအား စိန်ခေါ်နေသည်နှယ်ဟူ၍ ခံစားရမိသည်။ သူ့စိတ် ချီတုံချတုံဖြစ်နေသည်၊ သူသည် တောင်မြင့်ကြီးကို ထပ်မံ၍ စူးစိုက်ကြည့်လိုက်သည်။

" အလို . . .

ကြွေး အံ့အားတသင့်ဖြစ်ရပြန်သည်။

" တောင်မြင့်ပေါ်မှာ မြင့်မြင့်ရှည်ရှည်တစ်ခုပါလား၊ ကောင်း မျှော်စင်ထင်တယ်၊ တောင်ပေါ်မှာ မျှော်စင်ဆောက်ထား တယ်နဲ့တူတယ်၊ ဘာမျှော်စင်လဲ၊ ဘယ်သူ့အတွက်မျှော်စင် များလဲ မျှော်စင်မှာ ဘယ်သူရှိမလဲ "

ကြော့က သူ့ဘာသာသူ အမေးအဖြေပြုလုပ်နေသည်။

" ဒီတောင်ပေါ်ကို တက်မယ် "

ကြော့ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည်။

" တောင်ပေါ်ကိုတက် ပြီးတော့ တောင်အောက်ကို ဆင်း၊ ခရီးဆက်မယ် " ကြော့က လွတ်လပ်နေသူပဲ၊ တောင်ပေါ်ကို တက်လိုလျှင် တက်၊ ဆင်းလိုလျှင်လည်း ဆင်း၊ သူ့သဘောအလျောက်ပဲ၊

သို့ဖြင့် ကြော့သည် တောင်ပေါ်ကို တက်ဖြစ်သွားသည်၊ တောင်ပေါ်သို့ ရောက်ရှိသွား၏။

" ဟာ . . . အောက်ခြေကနေ မော့ကြည့်တွေ့မြင်ရ တဲ့ မျှော်စင်ကြီးဟာ မျှော်စင်အဆောက်အအုံနဲ့လည်း မတူပါ လား"

ကြော့တစ်ယောက် တောင်ပေါ်သို့ ရောက်ရောက်ချင်း အမောမပြေမီမှာပင် အံ့ဩစရာနှင့် ကြုံရသည်၊ သူသည် မျှော်

ဝင်ဟူ၍အပ်ကျ မပ်ကျထင်မှတ် ထားရှိရာသို့ ဖြည်းဖြည်းချင်း တိုးကပ်သွား၏။

" ဟား . . . ဟား . . . ဟား . . . "

ရယ်မောသံ လွင့်ပျံ့လာ၏။ ကျယ်လောင်ပါသည်၊ ရယ်သံသည် သည်းထိတ်စေပါသည်။ ကြွားသည် ရယ်သံ လွင့်ပျံ့ရာသို့ ဖြတ်ခနဲမော့ကြည့်လိုက်မိသည်။ ထိုအခါ သူ့အားမိုး၍ ကြည့်နေသော မျက်နှာကြီးတစ်ခုကို တွေ့မြင်လိုက်သည်။

" အလို . . . "

ကြွား အံ့ဩလွန်းစွာရှိနေ၏။

" မျှော်စင်ကြီးတစ်ခုမဟုတ်ပါဘဲ ကလားတောင်ခြေက မော့ကြည့်လိုက်တော့ မျှော်စင်အဆောက်အအုံကြီးတစ်ခု လိုလို ဘာလိုလိုနဲ့ ဘီးလူးကြီးတစ်ကောင် မားမားမတ်မတ် ရပ်နေတာပဲ၊ လန့်စရာကြီး "

" ဟား . . . ဟား . . .ဟား . . . "

ရယ်သံကို ကြွားထပ်မံကြားလိုက်ရပြန်သည်။

" ဟား . . . . ဘီလူးကြီး . . . ဘီလူးကြီး၊ ထပ်ပြီး ရယ်နေပြန်ပါပြီ "

ကြွားကြောက်စိတ်ဝင်လာသည်မှာ အမှန်ဖြစ်သည်။

“ မင်း . . .ဘယ်သူလဲ၊ ဘယ်ကလဲ ”

ဘီးလူးကြီးက မေးမြန်းလိုက်သည်။

“ ကျုပ်လူတစ်ယောက်ပါ။ ကျေးလက်က လာခဲ့တာပါ ”

“ မင်းနာမည် ”

“ ဆန်ဒီပါ။ ဒါပေမဲ့ ကျုပ်နေတဲ့ ကျေးလက်ကလူတွေ အများရှုတ်ကျုးခေါ်နေကြတာက ကြွေးပါ ”

“ ကြွေး ”

“ ဟုတ်တယ် ”

“ ကြွေး မင်းက ဒီတောင်ပေါ်ကို ဘယ်လိုအကြောင်းကိစ္စနဲ့ ရောက်ရှိလာခဲ့တာလဲ၊ ဘာအကြံအစည်ရှိသလဲ ”

ကြွေး ခေါင်းခါသည်။

“ ဘာအကြောင်းမှမရှိဘူး၊ ဘာအကြံအစည်မှ မရှိဘူး”

ကြွေးက ပြတ်ပြတ်သားသားပြောသည်။

“ ကျေးလက်က ထွက်လာပြီး ဒီနေရာကို ရောက်ရှိမှ ဒီတောင်မြို့ကြီးကို တွေ့မြင်လိုက်ရတာပဲ၊ တွေ့မြင်ဖူးတာပဲ၊ ဘယ်လို အကြံအစည်ရှိမှာတဲ့လဲဗျာ ”

ဘိုလူးကြီး တွေဝေသွား၏။

“ ဪ . . . သိရလို့ ”

ကြွားက ဖြည့်စွက်ပြောသည်။

“ တောင်ခြေကနေ မော့ကြည့်လိုက်တာ၊ တောင်ထိပ်မှာ မျှော်စင်ကြီးတစ်ခုရှိနေတယ်လို့ ထင်မြင်လိုက်ရတာနဲ့ တောင်ပေါ်ကို တက်လိုက်တာ၊ ဘာလုပ်တဲ့ မျှော်စင်လည်း၊ မျှော်စင်မှာ ဘယ်သူဘယ်ဝါရှိနေသလဲပေါ့၊ အဲ့ဒါသိချင်လို့ပါ ”

“ ဟား . . . ဟား . . . ဟား . . . ”

ဘိုလူးကြီး ထပ်လောင်းရယ်လိုက်ပြန်သည်။

“ ဟုတ်ပေ့ကွာ၊ ငါဘိုလူးမားမားမတ်မတ်ရပ်နေတာကို မျှော်စင်ကြီးရယ်လို့ ထင်မှတ်လို့ပါတဲ့၊ ဪ . . . ဖြစ်ရလေ၊ ဒီလိုအတွေးအမြင် အားနည်းတဲ့သူလည်း၊ လူတွေအကြားမှာ ရှိသေးသကိုး ရှိသေးသကိုး ”

ဘိုလူးကြီး တဖျစ်တောက်တောက်ဖြစ်နေ၏။

“ အေးလေ . . . မင်းအခုနေနဲ့ ဒီတောင်ပေါ်ကို ဘယ်လိုအကြောင်းပြပြီး တက်လာတက်လာ ဒါက မင်းဘက်က အပိုင်းပေါ့၊ ငါ့ဘက်ကအပိုင်းအခုနေနဲ့ ပြောရရင်၊ ဒီတောင်ပေါ်မှာ ငါ နေထိုင်တယ်၊ ငါအကြီးအကဲပဲ ”

ကြွားသည် လောလောဆယ်နှုတ်တုံ့မပြန်၊ ဘိလူး ကြီး၏ စကားကိုသာလျှင် စူးစိုက်နေမိ၏။

" မင်းဟာ ဒီတောင်ပေါ်ကို ကျူးကျူးကျော်ကျော် ရောက်ရှိလာတဲ့သူပဲ၊ မင်းဟာ မင်းပြောတဲ့ မင်းရဲ့ကျေးလက် ကိုယ့်မြေကိုယ့်ရေမှာပဲ နေနေရမယ်၊ လှမ်းဝေးတဲ့ ဒီတောင်မြင့် အထိရောက်ရှိလာလို့ တစ်ပါးသူ ပိုင်နက်မြေကို မင်းရဲတင်းစွာ ကျူးကျော်ရာရောက်ရှိတယ်၊ မင်းမှာ အပြစ်ရှိတယ် "

" ဗျာ . . . . "

ကြွားအံ့အားသင့်သွား၏။

" ဒီအပြစ်ဒဏ်ကို မင်းခံရမယ် "

ဘိလူးကြီး ဆက်လက်ပြောသည်၊

" ကျုပ် ဒီတောင်မြင့်ပေါ်ကို ရောက်ဖူးပေါက်ဖူးရုံ လောက်ပါပဲ၊ ကျုပ်အခု တောင်ပေါ်က ပြန်ဆင်းပါ့မယ် "

ကြွားက တောင်ပေါ်မှ ပြန်ဆင်းရန် ဟန်ပြင်သည်။

" ဟား . . . ဟား . . . ဟား . . . "

ဘိလူးကြီးသည် ကြွား၏ အပြောကိုသဘောကျသွား သည်။ ရယ်သည်၊

" ကျူးကျော်တဲ့ အမှုကို ကျူးလွန်ပြီးကာမှ အပြစ်ဒဏ်

မခံဘဲ တောင်ပေါ်ကပြန်ဆင်းတော့မလို့တဲ့၊ ညော် . . . ဘယ့်နှယ် ဘယ့်နှယ်တွေ ဖြစ်ကုန်ပြီလဲ၊ အပြစ်ကျူးလွန်ပြီးတဲ့သူဟာ အပြစ်ဒဏ်ခံရမယ် ” ဘိလူးကြီး၏ အသံသည် လိုအပ်သည် ထက် ပိုမိုတင်းမာသွား၏ ဘိလူးကြီးဒေါသပြင်းစွာ ထွက်ရှိလာ ဟန်တူသည်။

“ ဒီလောက် မြင့်မားတဲ့တောင်ပေါ်မှာ ဘယ်သူတစ်ဦး တစ်ယောက်မျှ ရှိမနေဘူးလို့ ထင်လို့ပါ ”

ကြွားကြောက်ရွံ့လာသည်၊ ကြောက်ရွံ့ပေမှာပေါ့ ဘိလူးကြီးနှင့် ရင်ဆိုင်တွေ့နေရပြီမဟုတ်လား။ ကြွားသူ့ဘက် က သူလုံအောင်ကာကွယ်ပြော ပြောသည်။

“ သိရှိခဲ့ရင် ကျုပ်ကြိုတင်ခွင့်ပြုချက်တောင်းခံလိုက်မှာ ပါ ”

“ မင်းရဲ့ ချေပချက်ဟာ မိုးကြိုးပစ်ထန်းလက်ကာ ဖြစ်နေပြီ ”

“ ကျုပ် တောင်းပန်ပါတယ် ဘိလူးကြီး ”

“ နောက်ကျသွားပြီ ”

ဘိလူးကြီးက ယတိပြတ်ပြောလိုက်သည်။

“ အပြစ်ဒဏ်အနေနဲ့ မင်းဟာ ငါရဲ့အခိုင်းအစေအဖြစ်

ငါနိုင်းသမျှလုပ်ရမယ်၊ ငါ့ရဲ့ အခိုင်းအစေဖြစ်ရမယ်၊ အချိန်အတိုင်းအတာတစ်ခုအထိ ကန့်သတ်တယ် ”

“ ဟာ . . . ”

ကြွားနားလည်လိုက်သည် သူသည်တောင်ပေါ်မှ ချက်ချင်းပြန်လည်ဆင်းသက်ရန် အခွင့်အလမ်းမရတော့ပေ၊ ဘီလူးကြီးအပါးတွင် အခိုင်းအစေတစ်ဦးအဖြစ် နိုင်းစေသမျှ ကျေပွန်စွာဆောင်ရွက်ပြီး၊ သူ့သဘောအလျောက် အပြစ်မှ လွတ်ငြိမ်းခွင့်ကို ကန့်သတ်မှုပြုမည်ဆိုပဲ။

ကြွားတစ်ယောက် လောလောဆယ်စိတ်လျော့လိုက်ရသည်။ သူဘီလူးကြီး၏လက်မှ အခိုက်အတန့်တွင် လွတ်မြောက်မှုမရရှိနိုင်သေးဟု၍ နားလည်လိုက်သည်။ မည်သူမပြု မိမိမှုပဲဖြစ်သည်။

သို့ဖြင့်ကြွားသည် ဘီလူးကြီး၏အခိုင်းအစေအဖြစ်ဖြင့် ကျရောက်သွားရသည်၊ သူ့အတွက်လောလောဆယ်တွင် ဘီလူးကြီး၏လက်မှ လွတ်မြောက်ရန် လမ်းစ,မမြင်မိသေးပေ၊ နေပေဦးတော့ ကြွား၊

တစ်နေ့တွင်ဖြစ်ပါသည်။

ဘီလူးကြီးသည် အသင့်ထားရှိသော စဉ့်အိုးတွင် ရေခပ်

လိုက်သည်။ စဥ့်အိုးသည် သုံးစွဲရန် ရေများထည့်ထားသည့် စဥ့်အိုးဖြစ်သည်။

"ဟာ . . . ရေတောင်မရှိတော့ဘူး။"

ဘီလူးကြီးစိတ်ပျက်လက်ပျက်ဖြစ်သွား၏၊ ခါတိုင်း ဘီလူးကြီးခပ်နေကျ။

"ဩော် . . . ."

ဘီလူးကြီးသတိရရှိလိုက်သည်။

"ငါ့မှာ ခိုင်းစေရမဲ့သူတစ်ယောက်ကို မမျှော်လင့်ဘဲ ရရှိထားပြီးပြီပဲ၊ အဲ့ဒီအခိုင်းအစေကို စဥ့်အိုးရေဖြည့်ခိုင်းလိုက်ရင် ပြီးတာပဲပေါ့၊ ငါကငြိမ့်ငြိမ့်ကလေး နေနေလိုက်ရုံပဲပေါ့၊ ဟန်ကျ လိုက်တာ၊ ဟေ့ . . . . ကြွက်ကြီးလာစမ်း"

ဘီလူးကြီးသည် ပြောပြောဆိုဆို ကြွက်ကိုခေါ်လိုက်သည်၊ ကြွက်ရုတ်တရက်ရောက်ရှိမလာသေး၊

"ဟဲ့ . . . . ကြွက်"

ဘီလူးကြီးသည် အသံမြင့်ခေါ်လိုက်သည်။

"ငါခေါ်လိုက်ရင် ငါ့ရှေ့ချက်ချင်းရောက်လာမှ ငါ ကြိုက်တယ်"

"ကျုပ်ဆင်ခြင်ပါ့မယ်၊ ဂရုပြုပါ့မယ်"

ကြွားဝမ်းနည်းသွား၏၊ အောက်ကျနောက်ကျဖြစ်ရလေခြင်းဟူ၍လည်း ခံစားလိုက်ရသည်။ "ဪ . . . ငါက အခုဘီလူးကြီးရဲ့ အခိုင်းအစေဖြစ်နေရပြီပဲ"

"ဟော့ကောင်ကြွား၊ ဟိုမှာစဥ့်အိုးတွေ့လား"

ဘီလူးကြီးက ပြောပြောဆိုဆို ခပ်လှမ်းလှမ်းတွင် ရှိနေသော စဥ့်အိုးတစ်လုံးကို လက်ညှိုးထိုးပြလိုက်သည်။ ကြွားခေါင်းညိတ်သည်။

"အဲ့ဒီစဥ့်အိုးအပြည့်ရေဖြည့်လိုက်စမ်း" ဟု ဘီလူးကြီးက ခိုင်းသည်။

"စဥ့်အိုးကတစ်လုံးတည်းပဲဟာ"

ကြွားက စဥ့်အိုးကို လှမ်းကြည့်ပြောသည်။

"ရေခဏလေးဖြည့်လိုက်ရင် ပြည့်လျှမ်းသွားမဲ့ဟာပဲ၊ ပျင်းစရာဗျာ" ဘီလူးကြီးတွေဝေသွား၏။

"မင်းက စဥ့်အိုးဘယ်နှလုံး ရေဖြည့်နိုင်မှာမို့လဲ"

"ဟား . . . . ဟား . . . . ဟား"

ကြွားအူလှိုက်သည်းလှိုက်ရယ်လိုက်သည်။

"စဥ့်အိုး အလုံးပေါင်း ငါးသောင်းဗျ၊ ငါးသောင်း"

ကြွားသည် သူကျေးလက်မှာနေခဲ့စဥ်က တစ်ပါး

သူများသို့ ကြွားဝါပြောသည့် အကျင့်က ပြန်လည်ပေါ်လာသည်။ သူဘီလူးကြီးသို့ ဟိတ်နှင့်ဟန်နှင့်ကြွားလိုက်သည်။

"စဥ့်အိုးငါးသောင်း ရေဖြည့်မယ်"

ဘီလူးကြီးဖျံ့သွား၏၊ ကြွားက ဝိဝိရိရိပြောဆိုနိုင်သည့် အတွက်လည်း ဖြစ်သည်။

"ဟာ . . . ဒီအကောင်မလွယ်ဘူး။ တကယ်စဥ့်အိုး ငါးသောင်းရေဖြည့်တင်နိုင်လို့ ရဲရဲဝံ့ဝံ့ပြောချလိုက်တာပဲ၊ သူ့ရဲ့ ပုံပန်းကပြောရင် ပြောတဲ့အတိုင်းလုပ်နိုင်ကိုင်နိုင်စွမ်းရှိတဲ့ပုံပဲ"

ဘီလူးကြီးသည် ကြွားကို ဖျံ့သွား၏ "ဒီကောင် ကြောက်စရာပဲ"

* * *

တစ်နေ့တစ်ခြိမှာဖြစ်ပါသည်။

"ကြွားလာခဲ့စမ်း"

ဘီလူးကြီးက အလျဥ်စလို ခေါ်လိုက်သည်။ ကြွား ရောက်ရှိလာသည်။

"မင်း ဒီတောင်ပေါ်ကို ရောက်လာတာ ရက်နည်းနည်း ကြာသွားပြီ"

ကြွေးဆိတ်ဆိတ်နေ၍ နားထောင်နေသည်။

"ဒီတောင်ပေါ်မှာ ဘာလိုအပ်ချက်တွေ ရှိနေသလဲ ကြွေး"

ဘီလူးကြီးကမေးမြန်းသည်၊ ကြွေးအနေဖြင့် ဘီလူးကြီးထံတွင် အစေအပါးအဖြစ် အကျဉ်းကျနေရ၍ စိတ်ရှုပ်ထွေးနေသည်၊ တောင်ပေါ်တွင် မည်သည့်လိုအပ်ချက် များရှိနေသည်ကို ကြွေးစိတ်ပါဝင်စားမှုမဖြစ်မိသည်မှာ အမှန်ပဲ ဖြစ်သည်။

ဘီလူးကြီးသည်သူ၏အမေးကို ကြွေးရုတ်ခြည်းမဖြေကြားနိုင်သဖြင့် စိတ်တိုသွားရသည်။ ဘီလူးကြီးသည်အချိန်အနည်းငယ်မျှ ကြွေးထံမှ အဖြေရရှိလိမ့်နိုးဖြင့် စောင့်စောင့်ဆိုင်းဆိုင်းပြုသည်။ ကြွေးထံမှမည်သည့်အဖြေမျှမရရှိ။

"မင်းတော်တော်အသုံးမကျတဲ့အကောင်ပဲ"

ဘီလူးကြီးက ကြွေးသို့ ပျစ်ပျစ်နှစ်နှစ်ပြောသည်။

"တောင်ပေါ်ပတ်ဝန်းကျင်လေ့လာမှုအပိုင်းမှာ မင်းဟာ သုညပဲ"

"ကျုပ် ဘာလုပ်ရမလဲ"

ကြွေးကစိတ်တိုစွာမေးသည်။ တစ်ချိန်လုံးသူ့ကို အပြစ်တင်နေ၍ သူသည်လည်း စိတ်အကျဉ်းအကျပ်ဖြစ်သွား၏။

"တောင်ပေါ်မှာ သစ်ပင်မရှိဘူး။ မင်းဒီလောက်တောင်မှ မမြင်ဘူးလား ဘိလူးကြီးကထန်ထန်မာမာပြောသည်၊ ကြွေး နှုတ်တုံ့မပြန်ပေ"

"တောင်ပေါ်မှာ သစ်ပင်စိုက်ချင်တယ်၊ သစ်ပင်ငါးပင် လောက် အမြန်ဆုံးရှာယူခဲ့၊ သွား . . . ."

"သစ်ပင်ငါးပင်လောက်ပဲလားခင်ဗျာ၊ ရှာယူရမှာ ဖျင်း လိုက်တာ"

ကြွေးက ဤအကြိမ်တွင် ပြန်လည်နှုတ်တုံ့ပြန်မေး သည်။

"ဟုတ်တယ်၊ ငါးပင်ကွ"

"ကျုပ် . . ကျုပ် . . . သစ်တောတစ်တောလုံး တောင်ပေါ်ကို ရွှေ့ပြောင်းယူလာခဲ့မယ်၊ ယူလာခဲ့မယ်"

ကြွေးက သူ့စရိုက်နှင့်လျော်ညီစွာ ကြွားလုံးထုတ်ပြော ဆိုလိုက်သည်။

"ဟေ့ . . . ဟေ့ . . . သစ်တောတစ်တောလုံးဟုတ် လား။"

ဘိလူးကြီးက အထိတ်အလန့်ဖြစ်သွားသည်။

"တောင်ပေါ်မှာနေရာမဆန့်ဘူးကွ၊ သစ်တော

တစ်တောလုံးတော့ မယူလာပါနဲ့၊ မယူလာပါနဲ့"

ဘိလူးကြီးက တောင်းပန်ပြောရသည့်အထိ ဖြစ်ရသည်။

"သစ်တောတစ်တောလုံးတောင် တောင်ပေါ်ကို ရွှေ့ပြောင်းသယ်ယူခဲ့မယ်ဆိုပါကလား၊ တော်တော်စွမ်းတဲ့သူပါပဲ၊ သူကြောက်ရွံ့ဟန်မရှိဘူး"

ဘိလူးကြီးသည် ကြွေးကို ဖြုံသွားရပြန်သည်။ "ဒီကောင်ဝံ့ကို အန္တရာယ်ပေးနိုင်တယ် "

* * *

တစ်နေ့တွင်ဖြစ်သည်။

"ကြွေး . . . ငါ့အခုတလောအစားအသောက်ပျက်နေတယ်ကွ"

ဘိလူးကြီးသည် ကြွေးသို့ ညည်းတွားပြောသည်။

"စားရသောက်ရတာတွေကိုလည်း ခံတွင်းမတွေ့လှပါဘူး။ ကျန်းမာရေးအတွက်အစားအစာဟာလည်း အခြေခံကျလှသကွဲ့"

ကြွေးသည် မှန်သည်၊ မှားသည်မပြော၊ ဘိလူးကြီး၏

စကားကိုသာလျှင် နားစိုက်နေမိသည်၊ စိတ်ထဲကမူ ဒီဘီလူး ကောင် ဘာကိုများ စိတ်ဝင်တစားနဲ့ ချင်ခြင်းတပ်နေရပါလိမ့် ဘာကိုများစားချင်နေပါလိမ့်" ဟူ၍လည်း တွေးနေ၏။

"ငါဆိတ်သားကင် စားချင်တယ်ကွ"

ဘီလူးကြီးက သူစားရန် ဆန္ဒရှိနေသည့်အစားအစာကို ထုတ်ဖော်ပြောသည်။

"ဆိတ်တစ်ကောင်လုံးကို မီးပြင်းပြင်းနဲ့ကင် မီးကင် အသားတစ်စ,စီ တစ်ဖဲ့စီကိုက်ဖဲ့စားလိုက်ချင်လိုက်တာ"

ဘီလူးကြီးသည် ဆိတ်သားကင်ကို ပြင်းပြင်းပြပြ ဖြစ် နေသည်။

သူ၏အမြင်အာရုံတွင် မီးလျှံရဲရဲဖြင့် ကင်ထားသော၊ အဆီတရွှဲရွှဲဖြစ်နေသည့် ဆိတ်သားအသားတုံးကြီးငယ်များကို မြင်ယောင်ထင်ယောင်ဖြစ်နေလိမ့်မည်လည်းဖြစ်သည်။

"ကြွား . . . ငါဆိတ်သားကင်စားချင်တယ်"

ဘီလူးကြီးက ထပ်လောင်းပြောသည်။

"ငါတစ်ရက်ကိုတစ်ကောင်နှုန်းစားမယ်၊ ခုနစ်ရက်လုံး လုံးစားမယ်၊ မင်းဆိတ်ခုနစ်ကောင်အမြန်ဆုံးရှာဖွေယူခဲ့စမ်း"

"ဟား . . . ဟား . . . ဟား . . ."

ဤအကြိမ်တွင်ဟက်ဟက်ပက်ပက် ရယ်မောလိုက်သူက ကြွေးပဲဖြစ်သည်။

"ဒါလေးများ"

ကြွေးက အေးဆေးစွာ ပြောလိုက်သည်။

"ခုနှစ်ရက်လို့ထည့်မပြောနဲ့ တစ်နှစ်လုံးသုံးရာခြောက်ဆယ်ငါးရက်လုံးလုံး ဆိတ်သားကင် အဆက်မပြတ်စားစေရမယ်၊ ဆိတ်အကောင်ပေါင်း သုံးရာခြောက်ဆယ့်ငါးကောင်လုံးကျုပ်အခုယူခဲ့မယ်၊ ကျုပ်သွားမယ်"

ကြွေးက သူတစ်ဘက်သားသို့ ကြွေးငါပြောသည့်အကျင့်ကိုမပျောက်ပစ်လိုက်ဘဲ၊ ဘီလူးကြီးအာထင်တကြီးရှိသွားစေရန် ထည့်သွင်းသုံးနှုန်းလိုက်သည်။ ဩော် . . . ကြွေး။

"အံမယ်လေး၊ ဆိတ်အကောင်ပေါင်းသုံးရာ ခြောက်ဆယ်ငါးကောင်လုံးတော့ တောင်ပေါ်ကိုယူမလာခဲ့ပါနဲ့ ယူမလာခဲ့ပါနဲ့၊ ငါဆိတ်ချေးတွေ မကျုံးနိုင်ဘူး၊ ပြီးတော့ ဒီကောင်တွေအော်သံဆူသံတွေကိုလည်း ငါနားမခံနိုင်ဘူး၊ ဒီကောင်တွေရုတ်ရုတ်သဲသဲနဲ့ ငါမျက်စိနောက်တယ်၊ သုံးရာခြောက်ဆယ်ငါးကောင်လုံးတော့ မယူလာခဲ့ပါနဲ့တော့"

ဘီလူးကြီးကပင် ကြွေးကို အာထင်တကြီးရှိစွာ ပြန်

လည် တားမြစ်ပြောပြောရသည်။

"ဒီအကောင်ငါ့ကိုတမင်အရှဲ့တိုက်ပြီး ဆိတ်အကောင်ပေါင်း သုံးရာချောက်ဆယ်ငါးကောင်ကို တောင်ပေါ်ကို ယူလာခဲ့ရင်၊ ငါ့မှာနေရထိုင်ရအခက်"

ဘီလူးကြီး ထိတ်လန့်သွား၏။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီအကောင်ကို တောင်ပေါ်မှာ ဆက်ရှိနေလို့မဖြစ်ဘူး၊ မတော်မတည့် တောင်ပေါ်မှာ သူရဲ့စွမ်းအားနဲ့ရက်ကြာတာနဲ့အမျှ လုပ်ချင်ရာတွေ စွတ်စွတ်ရွတ်ရွတ် လုပ်လာမယ်ဆိုရင် ငါတောင် ဒီတောင်ပေါ်က ပြေးဆင်းရမဲ့အပေါက်"

ဘီလူးကြီးတွေးရင်း ကျောချမ်းလာသည်ထင်ပါရဲ့၊ သိသာစွာထိတ်လန့်လာသည် "မဖြစ်ဘူး . . . မဖြစ်ဘူး၊ ဒီကောင်နဲ့ မြန်မြန်စာရင်းရှင်းမှစာရင်းရှင်းမှ . . . "

ဘီလူးကြီးထပ်လောင်း၍ ဖြုံသွားရပြန်သည်။

* * *

နောက်တစ်နေ့ နံနက်လင်းလင်းချင်းမှာပဲဖြစ်သည်၊ ဘီလူးကြီးသည် ကြွေးကိုရင်း၏အပါးသို့ခေါ်လိုက်သည်။

"ဘာလဲဗျ၊ ဒီနေ့မှထူးထူးခြားခြား၊ ကျုပ်က ခါတိုင်း ဒီလိုစောစောစီးစီးအိပ်ရာထ,တဲ့အကောင်မှမဟုတ်တာ၊ ခင်ဗျားကလည်းဗျာ၊ ဒီနေ့မှထူးထူးဆန်းဆန်း"ဟု ကြွေးက ဗျစ်တောက်ဗျစ်တောက်ပြောသည်၊ သူသည် ဘီလူးကြီးကို မကျေမနပ်ဖြစ်သွားသည်။

"ဟုတ်တယ်၊ ခါတိုင်းနံနက်ခင်းတွေလိုမဟုတ်ဘဲ၊ ဒီနေ့ နံနက်မှာမင်းကို တမင်တကာစောစောစီးစီးနှိုးလိုက်တာကွ"

"ကျုပ်ကိုဘာဖြစ်လို့ အစောကြီးနှိုးရတာလဲ"ဟု ကြွေးကစိတ်တိုစွာမေးသည်။

"မင်းကို ငါ့ဒီတောင်ပေါ်မှာ မတွေ့ချင်တော့လို့"

ကြွေးရုတ်တရက်ဘီလူးကြီး၏စကားကိုနားမရှင်း လိုက်ပါပေ၊ "ဘာပြောတယ်"

"မင်း ဒီတောင်ပေါ်ကဆင်းသွားတော့"

ဘီလူးကတိုတိုတုတ်တုတ်ပြောလိုက်သည်။ ကြွေး ဝမ်းသာသွား၏။ သူ့ကိုဘီလူးကြီးက သူ့အနိုင်းအစေအဖြစ် မထားဘဲ လွတ်ငြိမ်းခွင့်ပေးလိုက်သည့်အဖြစ်ပဲဟု ကြွေးချက် ချင်း နားလည်လိုက်သည်၊ သို့သော်ငြား ကြွေးသည် ကျေနပ် ဝမ်းသာသည့်ဟန်ကို မပြမသပါပေ၊ သူသည်ဟန်ဆောင် ထိန်း

ချုပ်ထားသည်။

"ကျုပ်အနိုင်းအစေအဖြစ် တာဝန်ထမ်းဆောင်တဲ့ အပေါ် အားနည်းချက်ရှိလို့လား"ဟု ကြွေးကပြန်ဆောင်မေး သည်။

ဘိလူးကြီးခေါင်းခါ၏ "ကျေနပ်ပါတယ်"ဟု ဘိလူးကြီး က ပြောသည်၊ "ရော့ . . . "ဟု ဘိလူးကြီးက အိတ်တစ် အိတ်ပေးလိုက်သည်။ ကြွေးအိတ်ကိုလှမ်းယူလိုက်သည်၊ "အိတ်ကလေးလံလိုက်တာ"ဟု ကြွေးသတိပြုမိလိုက်သည်။

"အဲ့ဒါရွှေတုံးတွေအပြည့်ထည့်ထားတဲ့အိတ်၊ ငါကမင်း ကို ရွှေတုံးအိတ်တစ်အိတ်ပေးတယ်"

"ဟာ . . . ရွှေတုံးတွေထည့်ထားတဲ့အိတ်ဆိုပါလား" ကြွေးသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။

"ငါ . . . ငါ . . . အခုအမှန်တကယ်ရွှေသူဌေးတစ် ယောက်ဖြစ်သွားပြီ" ကြွေးရင်ထဲလှုပ်ရှားသွားလေသည်။ သူသည်နေ့ချင်းညချင်း ရွှေသူဌေးတစ်ယောက်အဖြစ်သို့ ရောက် ရှိသွားသည်မှာ အမှန်ဖြစ်သည်။

"ကဲ . . . ကြွေး၊ အခုပဲတောင်ပေါ်ကဆင်းသွား" ဘိလူးကြီးက ပြတ်သားစွာပြောလိုက်သည်၊ ထို့နောက်

ဘိလူးကြီးက ကြွေကြားကိုကျောခိုင်းလိုက်လေသည်၊ ကြွေကြားသည် တောင်ပေါ်မှ လျင်မြန်စွာဆင်းလာလိုက်သည်။

* * *

ကြွေကြားသည် ယင်း၏ကျေးလက်သို့ ပြန်သည်၊ ရွှေသူဌေးတစ်ဦးအဖြစ်ဖြင့် ဖြစ်သည်။ ကြွေကြားသည်ယခုအချိန်မှစတင်၍ တစ်ဖက်သားသို့ စကားပြောဆိုရာတွင် ကြွေကြားလုံး ထုတ်၍ မပြောမဆိုတော့ဟူ၍ တစ်ထိုင်တည်းဆုံးဖြတ်ချက်ချမှတ်လိုက်လေသည်။

ကြွေကြားသည် မရှိသည်ကိုအရှိဟူ၍ ကြွားဝါပြောဆိုရန် အလျဉ်းမလိုအပ်တော့ပါပေ၊ သူသူဌေးတစ်ယောက်ဖြစ်နေပြီး ဖြစ်သည်၊ ရွှေသူဌေးတစ်ယောက်ဖြစ်နေပြီး ဖြစ်သည်၊ ကြွား စရာမလိုပါပေ၊

သူ့အားလည်း ကြွေကြားဟူ၍ခေါ်ခေါ်ရန်မလိုပါပေ၊ မိဘများကပေးအပ်ခဲ့သော "ဆန်ဒီ" ဟူသည့် ခန့်ညားသည့် အမည်ဖြင့်သာလျှင် လူ့အသိုင်းအဝိုင်းအတွင်းသို့ အဆင့်မြင့်မြင့် ဝင်ဆန့်မည်ဖြစ်ပါသည်။

* * * * *

# မှော်တင်းပုတ်လေး

တစ်ခါကဖြစ်သည်၊ "ကာကာ"ဟူ၍အမည်ရသည့် လူတစ်ယောက်ရှိခဲ့၏။ ကာကာသည် ငယ်ရွယ်သူတစ်ယောက် ဖြစ်သည်၊ ထို့အပြင်အလုပ်ကြိုးစားလုပ်ကိုင်သော လူတစ်ယောက်လည်းဖြစ်ပါသည်။ နိုးကြားတက်ကြွသော လူငယ်တစ်ယောက်ပဲဖြစ်ပါသည်။

ကာကာသည် မှော်အတတ်၊ ပယောဂကုအတတ်နှင့် မျက်လှည့်အတတ်သင်လုပ်ငန်းတွင် အလုပ်သမားတစ်ယောက် အဖြစ် လုပ်ကိုင်ခဲ့၏။ ကာကာသည် အလုပ်ကိုမခိုမကပ်ဆောင်ရွက်၏၊ ပေးအပ်လာသောတာဝန်အသီးသီးကိုလည်း ကျေပွန်၏။ လုပ်ငန်းရှင်သည် ကာကာကိုအလွန်သဘောကျ၏။

"ကာကာဟာလုပ်ငန်းတာဝန်ကိုဆောင်ရွက်တဲ့ နေရာမှာ အလွန်တာဝန်ကျေရှာတယ်။ စိတ်ချရတယ်"ဟူ၍ လုပ်ငန်းရှင်ကဖွင့်ဟ,ချီးကျူးရသည့်အထိဖြစ်သည်။" "အားကိုးရပါပေတယ်"

ကာကာက ထိုနှယ်လူစားမျိုး၊ ထိုနှယ်အလုပ်သမားမျိုးဖြစ်ပါသည်။

* * *

လုပ်ငန်းအတွင်းတွင် တည်ငြိမ်အေးချမ်းစွာ ရှိနေသော ကာကာကို အလှည့်အပြောင်းတစ်ခုဖြစ်လာခဲ့၏၊ တခြားမဟုတ်ပေ၊ မှော်အတတ်၊ ပယောဂကုအတတ်နှင့် မျက်လှည့်အတတ်သင်လုပ်ငန်းမှ ထွက်ခွာရန် ရုတ်တရက်အကြောင်းဖန်လာခြင်းပင်ဖြစ်သည်။

"ကျွန်တော်အလုပ်က နုတ်ထွက်ရတော့မယ်ဆရာ"

ကာကာသည်အလုပ်ရှင်သို့ မပြောမဖြစ်ပြောလိုက်ရ၏။

"အလို . . . ဘာဖြစ်လို့ . . . "

အလုပ်ရှင်သည် ကာကာထံမှ သူမျှော်လင့်မထားမိသော စကားကို နားနှင့်ဆတ်ဆတ်ကြားသိလိုက်ရသည် သူ

အံ့အားတသင့်ဖြစ်သွားရ၏။

"အလုပ်ကနှုတ်ထွက်မယ်၊ ဟုတ်လား"

ကာကာသည် ဖြည်းလေးစွာ ခေါင်းညိတ်ပြသလိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

"နေပါအုံး ဘယ်လိုအကြောင်းကြောင့် အလုပ်က ထွက်မှာလဲ ကာကာ"

အလုပ်ရှင်အနေဖြင့် အလွန်မေးသင့်မေးထိုက်သော မေးခွန်းပဲဖြစ်သည်။ ကာကာကိုစိတ်ချရသော၊ မျက်နှာလွှဲရသော အလုပ်သမားကောင်းတစ်ယောက်လုပ်ငန်းမှ ထွက်ခွာသွားမည့်အဖြစ်မှာ အလုပ်ရှင်အနေဖြင့်နှမြောစရာပဲဖြစ်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်ပြောပါ့မယ်"

ကာကာသက်ပြင်းရှည်ချလိုက်သည်။

"အမေ့မြို့က လူကြုံနဲ့ အကြောင်းကြားလာလို့ပါ၊ ကျွန်တော့်ဖေဖေ လူကြီးရောဂါနဲ့ဆုံးသွားပြီတဲ့ဆရာ၊ မေမေ တစ်ယောက်တည်း ခိုကိုးရာမဲ့ အထီးကျန်ရစ်ခဲ့ပြီဆရာ၊ အဲဒီ့ ကျွန်တော့်မှာ မေမေကို စောင့်ရှောက်ကျွေးမွေးဖို့ တာဝန် တစ်ခု ဖြစ်လာပြီ ကျွန်တော် အမေ့မြို့ကိုပြန်မှဖြစ်မယ်ဆရာ၊"

အလုပ်ရှင်သည် ကာကာကို အလုပ်မှ နှုတ်မထွက်ပါနှင့်

ဟူ၍ ယင်း၏အကျိုးကိုတစ်ဖက်သပ်ကြည့်၍ မတားဖြစ်ရက် တော့ပေ၊ အိုကြီးအိုမ,အရွယ် မွေးမိခင် အသီးကျန်ဖြစ်နေသည့် အခြေအနေကို ရပ်ဝေးသို့ ရောက်ရှိနေသော သားတစ်ယောက် သည် မည်သို့မည်နှယ်မျက်နှာလွှဲနေနိုင်ပါမည်နည်း၊ ကာကာ သည် တတ်သိလိမ္မာသော သားတစ်ယောက်ပေပဲလေ၊ လုပ်ငန်း ခွင်မှာ ရှိနေဦးတော့ သူ့စိတ်ပျော်ရွှင်မှာမဟုတ်ပေ၊

"အလုပ်က မထွက်သွားပါနဲ့ရယ်လို့ မတားမြစ် ကောင်းပါဘူး၊"

လုပ်ငန်းရှင်သည် စိတ်ထဲမှာ ပြောနေမိ၏၊ စင်စစ် လုပ်ငန်းရှင်သည် ကာကာလို လုပ်သက်အားဖြင့်လည်း ကြာမြင့် နေသူဖြစ်၊ အလုပ်ကို ဖိဖိစီးစီးကြိုးစား၊ စိတ်ချရ ရိုးသားသည့် ဂုဏ်အပြည့်ရှိနေသည့် လူကောင်းလူတော်ကို လက်လွှတ်လိုက် ရမည့်အဖြစ်ကို အလုပ်ရှင်သည် နှမြောတွန့်တိုနေမိသည်မှာ အမှန်ပဲဖြစ်သည်၊ လူကောင်းလူတော်ကိုရရှိရန်မှာ ခက်ခဲလှပါ သည်။

"ကာကာဟာ အမေနဲ့သားနှစ်ယောက်ထဲရှိတဲ့ဘဝ ထဲကပဲ၊"အလုပ်ရှင်သည် ယင်း၏အလုပ်သမားကာကာ၏ဘဝ ကို ထင်သာမြင်သာဖြစ်သွားရသည်။"

"ဟုတ်တယ်၊ အသက်ကြီးကာမှ အထီးကျန်ဖြစ်နေရှာတဲ့ သူ့အမေဆီသူပြန်သင့်ပါတယ်၊ ကာကာတစ်ယောက်တော်ပါတယ်"

အလုပ်ရှင်သည် တာဝန်ကျေပွန်သောအလုပ်သမားတစ်ယောက် လက်လွှတ်လိုက်ရမည့်အဖြစ်ကို ခံစားမိ၏။ သို့သော် လက်လွှတ်လိုက်ရမည်ပဲဖြစ်သည်။

"ကာကာ . . . မင်းဟာ အလုပ်သမားကောင်းတစ်ယောက်ပါ" အလုပ်ရှင်သည် ကာကာကို အသိအမှတ်ပြုပါသည်။

"အဲဒါ့ကြောင့် ကာကာကို လက်ဆောင်တစ်ခုပေးလိုက်မယ်" ကာကာ အံ့အားသင့်စွာ အလုပ်ရှင်ကို ကြည့်လိုက်သည်၊ မည်ကဲ့သို့သော လက်ဆောင်တစ်ခုဖြစ်ပါမည်နည်း။ အလုပ်ရှင်သည် ပြောပြောဆိုဆိုပင် သိမ်းဆည်းထားသောပစ္စည်းအစုအပုံများအကြားထဲမှ ပစ္စည်းတစ်ခုကို ရွေးချယ်ယူလိုက်သည်။

"တင်းပုတ်တစ်ခုပါလား"ကာကာသိရှိလိုက်သည်၊

"ကာကာ . . . တင်းပုတ်ရဲ့အသုံးဝင်ပုံကိုသိရှိပြီးသားပဲ မဟုတ်လား"အလုပ်ရှင်က မေးမေးပြောပြောပြုသည်။

ကာကာခေါင်းညိတ်၏။

"တင်းပုတ်ဆိုတာက ထုနှက်ရိုက်ပုတ်ရာမှာ သုံးတဲ့ လက်နက်တစ်မျိုးတစ်စားပါပဲဆရာ"

"အေး . . . ဟုတ်တယ်၊ အဲဒီတင်းပုတ်မင်းကို လက်ဆောင်ပေးလိုက်မယ်၊ သုံးသင့်တဲ့နေရာမှာ ထိရောက်စွာ အသုံးပြုပါကာကာ"

ကာကာ ခေါင်းညိတ်သည်၊ အလုပ်ရှင်၏စကားကို နားလည်သည့်သဘော၊

"ဪ . . . တင်းပုတ်နဲ့ပတ်သက်ပြီး အရေးကြီးတာ ကိုမှ ပြောဖို့ကျန်သွားသေးတယ်"ဟု အလုပ်ရှင်သတိရရှိစွာ ပြောလိုက်သည်။

"ဘာများပါလိမ့်ဆရာ"

ကာကာသည်လည်း သိရှိချင်သွားသည်။

"အဲဒီတတင်းပုတ်ဟာ သာမန်တင်းပုတ်တစ်ခု မဟုတ်လေဘူးကာကာ၊ မှော်အတတ်ပညာသွင်းထားတဲ့ တင်းပုတ်တစ်ခုပေပဲကွဲ့၊ ကာကာကတင်းပုတ်ကို အသုံးပြု တော့မယ်ဆိုရင် ရိုက်လို့တစ်လုံးတည်းကျယ်ကျယ်ပြောလိုက်၊ တင်းပုတ်ဟာ သူ့ဘာသာသူ ကာကာရိုက်စေချင်တဲ့သူတွေကို

တရကြမ်းလိုက်ရိုက်နေမှာပဲ၊ အဲ . . . ကာကာက မရိုက်စေချင်တော့ဘူးဆိုရင် ရပ်လို့တစ်လုံးတည်း ကျယ်ကျယ်လောင်လောင်ပြောလိုက်၊ တင်းပုတ်ဟာ တရစပ် ရိုက်နေရာကနေ ချက်ချင်းရပ်တန့်လိုက်မှာပဲဖြစ်တယ်၊ သိပြီနော် ”

ကာကာ ခေါင်းညိတ်သည်၊

“အဲဒီ၊ မှော်တင်းပုတ်ကို ကာကာယူသွား။ တရားနည်းလမ်းကျစွာအသုံးပြု ကာကာကို အကျိုးပြုလာပါလိမ့်မယ်၊ အဲဒါ ဆရာ့လက်ဆောင်ပဲ ကာကာသည် အလုပ်ရှင်ကို ကန်တော့၏၊ မှော်တင်းပုတ်ကိုယူလိုက်၏။ လုပ်ငန်းရှင်ထံမှ ထွက်လာခဲ့၏။ အမေ့ထံသို့အပြန်ဖြစ်သည်။

* * *

အမေနေထိုင်သောမြို့သည် အကွာအဝေးအားဖြင့် လှမ်းဝေးလှပါသည်။ ကာကာသည်ခြေလျင်ခရီးနှင်ခဲ့ရ၏။ တစ်နာရီခရီးမျှမဟုတ်ပေ၊ တစ်ရက်ခရီးမျှမဟုတ်ပေ၊ ခရီးဝေးသည်၊ ခရီးရှည်သည်။

လမ်းခရီးတွင် ကာကာသည် လုပ်ငန်းရှင်ပေးလိုက်သော မှော်တင်းပုတ်နှင့် စပ်လျဉ်း၍အစွမ်းထက်မြက်မှု အခြေ

အနေကို ကိုယ်တွေ့ ဖြစ်ရသည်။

မှော်တင်းပုတ်၏အသုံးတည့်မှုကိုလည်း သိရှိရသည်၊ ဆိုးသွမ်းသည့်သူများနှင့်တွေ့ ဆုံရာတွင် မှော်တင်းပုတ်သည် ယင်းတို့အား ထိုးနှက်ရိုက်ပုတ်လိုက်လေသည်၊ ဒဏ်ရာဒဏ်ချက် မရှမလှဖြစ်ရ၏။ ကာကာအန္တရာယ်မှ လွတ်မြောက်၏။

အကြမ်းဖက်ရန် ရည်ရွယ်ချဉ်းကပ်လာသောသူများကို မှော်တင်းပုတ်သည် ထိရောက်စွာ စွမ်းဆောင်ခဲ့၏။ သင်ခန်းစာ ကောင်းစွာရရှိသွားစေသည့်အထိဖြစ်သည်၊ ခရီးသွားကာကာ ထံသို့ ကျရောက်လာသော အန္တရာယ်ကို မှော်တင်းပုတ်သည် နှိမ်နင်းပေးခဲ့သည်မှာလည်း လက်တွေ့ပဲဖြစ်ပါသည်။

"လုပ်ငန်းရှင်ရဲ့စေတနာပဲ၊ လုပ်ငန်းရှင်ကိုလည်း ကျေးဇူးတင်ပါတယ်၊ မှော်တင်းပုတ်ကိုလည်း ကျေးဇူးတင်ပါ တယ်" ဟု ကာကာထုတ်ဖော်ပြောဆိုမိသည့်အထိဖြစ်ရသည်။

တစ်ညနေ မှောင်ရီပျိုးစ,အချိန်မှာဖြစ်သည်။

"အင်း . . . မှောင်လာပြီ၊ ခရီးဆက်လို့မဖြစ်တော့ဘူး" ကာကာညည်းတွားမိ၏။ မှန်သည်။ အမှောင်ထုကျရောက်လာ သည်၊ ဆက်လက်ခရီးနှင်လျှင် ခရီးတွင်ကျယ်မည်မဟုတ်တော့ ပေ၊ ခလုတ်ဆူးငြောင့်များကိုလည်း အမှောင်ထဲမှာ မည်သို့

မြင်မြင်ထင်ထင်ဖြစ်နိုင်ပါမည်နည်း၊ လမ်းခရီးရှည်အကွေ့ အကောက် အတက်အဆင်းကို မည်သို့သိရှိရနိုင်ပါမည်နည်း။

"ဒီနေ့အတွက်တော့ ဒီနေရာမှာပဲ ရပ်နားလိုက်မယ်" ကာကာဆုံးဖြတ်လိုက်သည်၊ သူရောက်ရှိနေသော ဝန်းကျင်သို့ ယခုမှပဲ စူးစမ်းမိလိုက်သည်။

"ဟာ . . . တိုခပ်လှမ်းလှမ်းမှာ တည်းခိုခန်း အဆောက်အအုံတစ်ခုပါလား" ကာကာ သဘောကျသွား၏။ မှန်သည်။ အဆောက်အအုံတစ်ခုရှိနေ၏။ လမ်းခုလတ်တွင် ရောက်ရှိသည့် ခရီးသွားများ အချိန်အခါမသင့်၍ ဆက်လက် ခရီးမနှင်နိုင်ပါလျှင် တည်းခိုခန်းသို့ ဝင်ရောက်အနားယူအိပ်စက်မှု ပြုလိုက်ရုံပဲဖြစ်သည်။

ကာကာသည် ထိုညတွင်တည်းခိုခန်းသို့ ဝင်ရောက် သည်။ အနားယူသည်။ ကာကာတစ်နေ့လုံးလိုလို ခရီးနှင်လာခဲ့ ၍ အိပ်ခန်းအိပ်ရာသို့ရောက်ရှိခေါင်းချအိပ်ပျော်သွားသည်။

မည်သည့်အချိန်ဟု၍မသိရှိလိုက်ရ၊ အိပ်ခန်းတံခါးကို ပြင်းစွာဆက်ခါဆက်ခါထုရိုက်နေသည့် အသံဆူညံနေသည်ကို ကြားမိကာမှ ကာကာဖျပ်ခနဲလန့်နိုးသည်။

"ဟာ . . . အပြင်က တံခါးရိုက်ထုနေတဲ့

အသံပါလား”ကာကာသတိပြုမိလိုက်သည်။

“ဟော့ . . . ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ၊ ငါညီသည်ကွ၊ ဒီတစ်ညတည်းခိုတဲ့ ညေ့သည်ကွ”ကာကာ အသံထန်မာစွာ မေးမေးပြောပြောပြုလိုက်သည်။

“အဲဒါတွေ ငါတို့မသိဘူး၊ မင်းတံခါးဖွင့်အပဲ” အပြင်မှ တံခါးထုရိုက်နေသည့်သူများအနက်မှတစ်ဦးကပြောသည်။

“မင်းတံခါးဖွင့်မပေးရင်လဲ၊ ငါတို့ဓါးနဲ့ခုတ်ပြီးဝင်လို့ရအောင် ဝင်မယ်ကွ၊ တံခါးမြန်မြန်ဖွင့်”

* * *

ကာကာသည် အိပ်ခန်းတံခါးကို ဖွင့်ပေးလိုက်ရသည်၊ လူငါးယောက်ဓားလှံကိုယ်စီကိုင်ဆောင်ကာ၊ အိပ်ခန်းထဲသို့ ဒရောသောပါးဝင်လာကြသည်။

“တည်းခိုခန်းထဲကို ညေ့သည်တစ်ယောက် ညနေက ရောက်လာတယ်လို့ ငါတို့သတင်းရပြီးသားကွ၊ ယီးတီးယားတား မလုပ်နဲ့၊ ဓါးတွေလှံတွေတွေ့တယ်မဟုတ်လား၊ အသက်ပါသွားမယ်၊ မင်းမှာပါလာတဲ့ ပစ္စည်းတွေငွေတွေ အကုန်ထုတ်စမ်း”

ဓါးလုံကိုယ်စီကိုင်ဆောင်ထားရှိသူများအနက်မှ တစ်ဦးက ကြိမ်းဝါးပြောလိုက်သည်။

ကာကာ အံ့အားသင့်သွား၏။

"ဓါးပြတွေပါလား၊ ငါ့ကို ဓါးပြလာတိုက်နေပါလား" ကာကာ အခြေအနေကို ရိပ်စားသိရှိလိုက်သည်။

"ကျွန်တော့်မှာ ရွှေငွေတွေ မပါပါဘူးဗျာ" ကာကာက တောင်းပန်ပြောလိုက်သည်။

"ဟေ့ကောင်၊ ဒါတွေလာပြောမနေနဲ့၊ တည်းခိုခန်းကို လာတည်းတဲ့သူဆိုတာ ပိုက်ဆံပါမှ တည်းလို့ရလို့ရတာကွ၊ ဒီလို အပြောမျိုးတွေရိုးနေပြီ၊ ပါလာတာတွေအမြန်ထုတ်"

ဓါးပြတစ်ဦးကပြောလိုက်၏။ ပြောပြောဆိုဆို လုံအဖျား ဖြင့် ကာကာ၏လည်ပင်းကို ထောက်ထားလိုက်သည်။

"ကျွန်တော့်မှာ ရွှေငွေမပါပါဘူးဗျာ" ကာကာက တောင်းပန်ပြောသည်။ ဓါးပြတစ်ဦးက လုံအဖျားကို ကာကာ၏ လည်ပင်းကိုပိုမိုစူးနစ်အောင် ထိုးသွင်းလိုက်သည်။

"အား . . ."

ကာကာထိရှနာကျင်သွား၏။ အသားကို ထိခိုက်မိ လိုက်သည့်အခါမှာမှ ကာကာတစ်စုံတစ်ခုကို သတိရမိလိုက်

သည်။

"တင်းပုတ် . . . အလုပ်ရှင်ပေးလိုက်တဲ့ မှော်တင်းပုတ်"ကာကာသည် ကိုယ်ကိုလှည့်၍ ခေါင်းအုံးဘေးနှင့်ထားရှိသော တင်းပုတ်ကို ဆတ်ခနဲယူလိုက်၏။ တင်းပုတ်နှင့်စပ်လျဉ်း၍ အလုပ်ရှင်ပြောခဲ့သော စကားကို ချက်ချင်းသတိရမိလိုက်သည်။

"ရိုက် . . . " ကာကာသည် တင်းပုတ်သို့ ကျယ်လောင်စွာပြောလိုက်၏။ မှော်တင်းပုတ်သည် ကုတင်ပေါ်မှ အမြန်ဆုံး ရွေ့လျားသွား၏။ ဓါးပြငါးဦး အံ့ဩစွာ ငေးကြောင်ကြည့်နေသည့် အခိုက်အတန့်မှာပဲဖြစ်သည်။ တင်းပုတ်သည် ဓါးပြတစ်ဦးပြီးလျှင်တစ်ဦးကို အရှိန်ပြင်းစွာရိုက်၏။

"သေပါပြီ ဗျ၊ သေပါပြီ၊ ကြောက်ပါပြီ၊ မရိုက်ပါနဲ့" ဓါးပြငါးဦးထံမှ အသံများကျယ်လောင်စွာ ထွက်ပေါ်လာ၏။ သူတို့အားလုံး ဝရုန်းသုန်းကားဖြစ်သွားကြသည်။ တည်းခိုခန်းအဆောက်အအုံတွင် ဓါးပြငါးဦးပြေးလွှားသံ၊ အော်ဟစ်သံ၊ တင်းပုတ်၏ထိုးနှက်ရိုက်ပုတ်သံများ တရစပ်လွင့်ပျံ့ထွက်ပေါ်လာသည်။

ဓါးပြငါးဦးတည်းခိုခန်းအဆောက်အအုံမှ ဒယိမ်းဒယိုင်

ဖြင့် ထွက်ပြေးသွားကြသည်။ တင်းပုတ်သည် ဓါးပြငါးဦး နောက်သို့ထက်ကြပ်မကွာလိုက်လံရိုက်နေ၏။ ကာကာ တွေ့ မြင်လိုက်သည်။ ရပ်ဟု ကာကာက တင်းပုတ်သို့ ရည်မှန်း အော်တစ်လိုက်သည်။ တင်းပုတ်သည် ဆက်လက်မရိုက်နှက် တော့ပေ၊ ကာကာထံသို့ ပြန်လည်ရွေ့လျားရောက်ရှိလာသည်။ ကာကာသည် သူ့အနားသို့ရောက်ရှိလာသော တင်းပုတ်ကို လှမ်းယူလိုက်သည်။

ကာကာသည် စိတ်မောလူမောဖြစ်နေရသည်။ သူ့ မှော်တင်းပုတ်နှင့် ဓါးပြငါးယောက်တို့၏ လုံးလားထွေးလား ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့ရသည်။အဖြစ်ကြောင့်ပဲဖြစ်သည်။

"တော်ပါသေးရဲ့ တော်ပါသေးရဲ့" ကာကာ သက်ပြင်း ချလိုက်မိသည်။

"လုပ်ငန်းရှင်ပေးလိုက်တဲ့ မှော်တင်းပုတ်အစွမ်း ကြောင့်၊ ငါ ဓါးပြတွေရန်က လွတ်မြောက်ရတယ်၊ တော်ပါပေ တယ်"

ကာကာသည် တည်းခိုခန်း ပြတင်းပေါက်မှ ပတ်ဝန်း ကျင်သို့ လှမ်းမျှော်ကြည့်လိုက်သည်၊ ဓါးပြများ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာလေဦးမလားဟူသည့် အတွေးကြောင့်

လည်း ဖြစ်သည်။

"မိုးမလင်းသေးပါလား၊ အိပ်ရာထဲမှာပြန်လှဲနေဦးမှ၊ အိပ်လို့ပျော်သွားရင်လဲပျော်သွား။ မနက်ခရီးဆက်ထွက်ရဦးမှာ" ဟု ကာကာသည် ပြောပြောဆိုဆို အိပ်ရာဝင်လိုက်၏။ တင်းပုတ်ကို ယင်း၏ခေါင်းအုံးအနားသို့ တိုးကပ်ထားရှိလိုက်သည်။

ခရီးသည်ကာကာ၊ ဝါးပြဲးယောက်နှင့် တင်းပုတ်တို့နှင့် ဆက်စပ်သည့်ဖြစ်စဉ်ကို တည်းခိုခန်းပိုင်ရှင်သည် အစအဆုံးတိုင် အောင် တွေ့မြင်လိုက်သည်။ ယင်းဖြစ်စဉ်နှင့် ဆက်နွယ်၍လည်း သူ့တွင် တာဝန်ရှိသည်ဟူ၍လည်း သူသိမြင်၏။ သို့ရာတွင် တည်းခိုခန်းပိုင်ရှင်သည် ဖြစ်စဉ်ကိုထင်သာမြင်သာဖြစ်ပါလျက် သူသည်တာဝန်ကို ရှောင်တိမ်းသည့်သဘော၊ တာဝန်မယူလိုသည့်အသွင်ဖြင့် တည်းခိုခန်းအဆောက်အအုံတစ်နေရာမှသာ ချောင်းမြောင်းကြည့်ရှုနေခဲ့၏။

ထိုအခါတွင် တည်းခိုခန်းပိုင်ရှင်သည် ဖြစ်စဉ်ကို အစမှ အဆုံးတိုင်သိမြင်၏။ အထူးသဖြင့် တင်းပုတ်သည် ဝါးပြဲဦးကို နိုင်နိုင်နင်းနင်းနှိမ်နင်းတိုက်ခိုက်နိုင်ခဲ့သည့် စွမ်းပကာကို မျက်ဝါး ထင်ထင်ဖြစ်ခဲ့၏။ တည်းခိုခန်းပိုင်ရှင်သည် တင်းပုတ်၏ အသုံး တည့်မှုကို အလွန်သဘောကျသွား၏။

"ဒီတင်းပုတ်ကို ငါ့ဒီညအတွင်းရအောင်ခိုးယူမယ်" တည်းခိုခန်းပိုင်ရှင်ဆုံးဖြတ်လိုက်သည်။

"ဒီခရီးသည်က ဒီတစ်ညသည်း တည်းခိုမယ်လို့ ကြိုပြောထားတယ်၊ မိုးလင်းရင်သူ့ခရီးသူဆက်မှာပဲ အဲဒီတော့ သူခရီးဆက်မထွက်ခင်၊ မိုးမလင်းခင် ငါသူ့တင်းပုတ်ကို အရယူထားလိုက်မယ်"

တည်းခိုခန်းပိုင်ရှင်ကြံစည်လိုက်သည်။ သို့ဖြင့် ၎င်းသည် ကာကာတစ်ညတာ ငှားရမ်းထားသည့်အိပ်ခန်းသို့ တိတ်တဆိတ်ချဉ်းကပ်လိုက်သည်။ အစီအစဉ် ချောချောမွေ့မွေ့ ဖြစ်လာရသည်။ တည်းခိုခန်းပိုင်ရှင်သည် အိပ်ခန်း၌အရေးပေါ် အကြောင်းကိစ္စဖြစ်ပွားခဲ့ပါသော် ဝင်ထွက်အသုံးပြုရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် လျှို့ဝှက်စီမံထားသည့် အခန်းအကာအရံ ပျဉ်ချပ်တစ်ချပ်ကို၊ လက်ဖြင့်ခပ်ကြမ်းကြမ်း ထိရိုက်မိလိုက်သည်။ အသံဖြစ်ပေါ်လာ၏။ နေ့ပိုင်းတွင် ပျဉ်ချပ်ကိုလက်ဖြင့် ထိခိုက်သည့် အသံသည် သာမန်မျှသာ အတိုးအကျယ်ဖြစ်ပေါ်မည်ဖြစ်သည်။

သို့သော် တိတ်ဆိတ်ငြိမ်သက်နေသော ညဉ့်အချိန်တွင် သာမန်မျှသောအသံသည်ပင်လျှင် အကြီးအကျယ်မျှ ကျယ်ကျယ်လောင်လောင် ကြားရမြဲမဟုတ်ပါလား၊ အသံကြောင့်

ကာကာသည် မှေးခနဲ အိပ်ပျော်သွားခဲ့ရာမှ ဖြတ်ခနဲလန့်နိုးသွား ခဲ့ရသည်။

"ဘာသံပါလိမ့်"

ကာကာအိပ်ခန်းပတ်ပတ်လည်သို့ စေ့ငုစွာ ကြည့်ရှု လိုက်သည်။ လူတစ်ယောက်သည် အိပ်ခန်းအကာပျဉ်ချပ်တစ် ချပ်ကို ဖြည်းဖြည်းချင်းခွာနေသည့် ပုံပန်းကို တွေ့မြင်ရသည်။ ကာကာသည် စောင့်ဆိုင်းအကဲခတ်နေသည်။

"ဟာ . . . တည်းခိုခန်းပိုင်ရှင်ပါလား၊ ငါမနေ့ညက သူနဲ့ အခန်းငှားရမ်းဘို့ အပြောအဆိုရှိခဲ့လို့မှတ်မိပြီ၊ ဟုတ်တယ် တည်းခိုခန်းပိုင်ရှင်ပါပဲ၊ နေပါအုံး သူဘာအကြောင်းကြောင့် ငါ့ အိပ်ခန်းအကာပျဉ်ချပ်ကို လှပ်နေရတာလဲ"

ကာကာစဉ်းစားသည်။

"တည်းခိုနေတဲ့သူရှိနေတယ်ဆိုတာ သိရှိနေပါလျက်နဲ့ တည်းခိုခန်းအကာပျဉ်ချပ်ကို လှစ်လှပ်ဖို့ပြုမူနေတာဟာ သွေးရိုး သားရိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ မလုပ်သင့်တဲ့အလုပ်၊ ဪ . . . ငါ့ဆီမှာ သူ့အတွင်းသိအနေနဲ့ ဘာပစ္စည်းအဖိုးထိုက် အဖိုးတန်ကိုများ တွေ့ရှိထားလို့ ခိုးဝှက်ဖို့ ကြံစည်နေတာများလဲ ဟာ . . . ."

ကာကာရုတ်တရက်သတိမူမိလိုက်သည်။

"တင်းပုတ်ကိုများလား၊ သူအစောပိုင်းက တင်းပုတ်ဟာ ဖါးပြဲးယောက်ကို နာကျင်ထွက်ပြေးစေခဲ့အထိ အစွမ်းပြလိုက်တာကို သူ . . . သူ . . . တစ်နေရာရာက ချောင်းမြောင်းကြည့်ရထားလို့ သိရှိခဲ့ပြီနဲ့တူတယ်၊ ဟုတ်ပါပြီ"

ကာကာသည် အိပ်ရာထဲမှာ ဆိတ်ဆိတ်နေနေလိုက်သည်၊ အိပ်ချင်ယောင် ဆောင်နေလိုက်ခြင်းလည်းဖြစ်သည်။ တည်းခိုခန်းပိုင်ရှင်သည် သူတစ်ညတာငှားရမ်းထားရှိသည့် အိပ်ခန်းအတွင်းသို့ မည်သည့် အကြံအစည်ဖြင့်ဝင်ရောက်ရန် ကြိုးစားပမ်းစားပြုနေသည့်အဖြစ်ကို သိရှိလိုသည့်အတွက် ဖြစ်သည်။

"ဟာ . . . ဟုတ်ပါပြီ၊ သေချာတယ်၊ တင်းပုတ်ကို သူ ခိုးဝှက်ယူဖို့ ကြံစည်နေတာပဲ"

ကာကာ တပ်တပ်အပ်အပ်တွေးဆ,သိရှိလိုက်ပြီဖြစ်သည်။ မှန်ပါသည်။ တည်းခိုခန်းပိုင်ရှင်သည် ဟ,သွားသောပျဉ်ချပ်နေရာမှလက်ကိုထိုးသွင်းသည်။တစ်စုံတစ်ခုကို လက်နှင့် စမ်းသပ်ရှာဖွေနေခြင်းလည်းဖြစ်သည်။

ခေါင်းအုံးဘေးဘက်တွင် တမင်တကာထားရှိသည့်

တင်းပုတ်ကို၊ တည်းခိုခန်းပိုင်ရှင်သည် သူ၏လက်တစ်ဘက်ဖြင့် မိမိရရထိကိုင်မိလိုက်ပြီလည်းဖြစ်သည်။ တင်းပုတ်ကို ဖြတ်ခနဲ ဆွဲယူလိုက်သည်။ ကာကာသည်ဖြစ်ပွားနေသည့် အခြေအနေကို အက်ထိတွေ့ မြင် သိရှိလိုက်ပြီးလည်းဖြစ်သည်။

"ရိုက် . . ."

ကာကာသည် တည်းခိုခန်းပိုင်ရှင်လက်ထဲသို့ပါရှိသွားသော တင်းပုတ်ကို အသံကျယ်လောင်စွာ အမိန့်ပေးလိုက်၏။ တင်းပုတ်သည် တည်းခိုခန်းပိုင်ရှင်၏ခါးပိုင်းကို ဆင့်ကာဆင့်ကာ ရိုက်နှက်နေလိုက်သည်။

"အံမယ်လေးဗျ၊ အံမယ်လေးဗျ၊ သေပါပြီဗျ၊ ကြောက်ပါပြီဗျ၊ မရိုက်ပါနဲ့ဗျ၊ မရိုက်ပါနဲ့ဗျ"

တည်းခိုခန်းပိုင်ရှင်သည် နာကျင်လွန်းလှစွာ အော်ဟစ်နေသည်။ သူထွက်ပြေးသည်။ တင်းပုတ်သည် ထက်ကြပ်မကွာ လိုက်လံရိုက်နှက်သည်။

"မရိုက်ပါနဲ့၊ မရိုက်ပါနဲ့"

တည်းခိုခန်းပိုင်ရှင် တဟွတ်ဟွတ်တောင်းပန်ရင်း တင်းပုတ်ကို ရှောင်တိမ်းပြေးလွှားသည်။ တင်းပုတ်က တည်းခိုခန်းပိုင်ရှင်နောက်သို့အမှီလိုက်သည်။ တဘုံးဘုံး ရိုက်နှက်သည်။

တည်းခိုခန်းပိုင်ရှင်အော်သည်။

"တင်းပုတ်ကို ပြောပေးပါဗျာ၊ တင်းပုတ်ကို ပြောပေးပါဗျာ၊ ကျုပ်ကို မရိုက်ခိုင်းပါနဲ့တော့၊ မရိုက်ခိုင်းပါနဲ့တော့"

ကာကာသည် တည်းခိုခန်းပိုင်ရှင်၏အဖြစ်ကို ကြည့်ရင်း သနားစိတ်ဝင်သွား၏။ တည်းခိုခန်းပိုင်ရှင်၏ ကျောကုန်းနှင့် ခြေနှစ်ဘက်တွင် ဒဏ်ရာဒဏ်ချက်များ ဗရပွပြစ်နေ၏။ ကာကာ မကြည့်ရက်ပေ။

"ရပ်"ဟု ကာကာသည် မှော်တင်းပုတ်ကို အော်တစ်ပြောလိုက်၏။ မှော်တင်းပုတ်သည် တည်းခိုခန်းပိုင်ရှင်နောက်သို့ တကောက်ကောက်လိုက်၍ ရိုက်နှက်နေရာမှ ရပ်တန့်လိုက်၏။ မှော်တင်းပုတ်သည် နောက်ကြောင်းပြန်လှည့်လိုက်၏။ ပိုင်ရှင် ကာကာထံသို့ ရွေ့လျားသွားသည်။

"တော်ပါသေးရဲ့ဗျာ၊ ခင်ဗျားတားမြစ်လိုက်လို့ တင်းပုတ်က ဆက်လက်မရိုက်နှက်တော့တာ"

တည်းခိုခန်းပိုင်ရှင်က ကာကာထံသို့ ရှုံ့မဲ့မဲ့ဖြင့် ရောက်ရှိပြောဆို၏။

"ကျုပ်မှားသွားပါတယ်၊ ကိုယ်နဲ့မထိုက်တန်တာကို မက်မောမိလို့ မသမာနည်းကိုအသုံးပြုပြီး၊ တင်းပုတ်ကို ခိုးဝှက်

ဖို့ ကြံစည်မိခဲ့ပါတယ်။ ဝန်ခံပါတယ်။ ခွင့်လွှတ်ပါဗျာ"

ကာကာခေါင်းညိတ်လိုက်၏။ ခွင့်လွှတ်ပါသည်တူသည့်သဘော၊ "ဒါထက်ခင်ဗျားကမိုးလင်းရင် ခရီးဆက်ထွက်မယ်ဆိုတော့ ခင်ဗျားက ဘယ်မြို့အထိဆက်သွားမှာလဲ"ဟု တည်းခိုခန်းပိုင်ရှင်ကမေးမြန်းသည်။

"တန်ဂါမြို့တော်"ကာကာက တိုတိုတုတ်တုတ်ပြောသည်။

"တန်ဂါမြို့တော်ဟုတ်လား"တည်းခိုခန်းပိုင်ရှင်က သေချာစေရန် ထပ်မံမေးသည်။

"ဟုတ်တယ်၊ တန်ဂါမြို့တော်၊ တန်ဂါမြို့တော်" ကာကာထပ်လောင်းပြောသည်။

"ဟာ . . . အဲ့ဒီတန်ဂါမြို့တော်ကိုရန်သူတွေသိမ်းပိုက်ဖို့ဝိုင်းရံထားတယ်။ ရန်သူအင်အားများတယ်လို့ပြောသံကြားတယ်၊ တန်ဂါမြို့တော်ဘုရင်လည်းမြို့တော်ကို ရန်သူလက်ထဲမကျ ရောက်အောင်၊ အပြင်းအထန်ခုခံနေရတယ်တဲ့"

တည်းခိုခန်းပိုင်ရှင်သည် သူကြားသိသမျှသတင်းကို ကာကာသို့ပြောသည်။

"ဟာ . . . မေမေဘယ်လိုနေနေမှာလိမ့်"ကာကာ

သည် အထီးကျန်ဖြစ်နေရှာသော သူ၏မိခင်ကြီးကို သတိရမိ၊ စိတ်ပူမိသည်။

"ကျွန်တော်တန်ဂါမြို့တော်ကိုအမြန်ဆုံးရောက်အောင်ပြန်မယ်၊ ကျွန်တော်မေမေအပါအဝင်ဘုရင်မင်းမြတ်ရော၊ မြို့သူမြို့သားတွေရော အကျပ်အတည်းဖြစ်နေကြမှာပဲ"

တည်းခိုခန်းပိုင်ရှင်သည် ကာကာ၏အခက်အခဲကို နားလည်လိုက်သည်။

"ခင်ဗျား တန်ဂါမြို့တော်ကိုဝင်ရင်၊ လောလောဆယ် တောလမ်းအတိုင်း လျှို့ဝှက်စွာဝင်ရမယ်၊ ရန်သူတွေ ဝိုင်းရံထားတယ်၊ ပုံမှန်ဝင်ရိုးဝင်စဉ်အတိုင်းမြို့ကိုအခုအချိန်မှာ ဝင်လို့ရမှာမဟုတ်ဘူး ရန်သူကဖမ်းဆီးလိမ့်မယ်"

တည်းခိုခန်းပိုင်ရှင်သည် ပြောပြောဆိုဆို ခေတ္တမျှစဉ်းစားဟန်ပြုနေ၏။

"ကျုပ်လှည်းတစ်စီးစီစဉ်ပေးလိုက်မယ်၊ တောလမ်းအထိလှည်းသမားအရောက်လိုက်ပို့ပေးပါလိမ့်မယ်၊ ကျုပ် ကူညီပေးမယ်"

မည်သို့ဖြစ်စေကာကာအတွက်၊ တန်ဂါမြို့တော်သို့ ရောက်ရှိရန် ခရီးလှမ်းဝေးစွာရှိနေသေးသည့်အဖြစ်ကို သိရှိ

သည်။ တောလမ်းစပ်အထိလှည်းဖြင့်ပို့ဆောင်ပေးမည်ဟု တည်းခိုခန်းပိုင်ရှင်က ဆိုလာတော့ ဝမ်းမြောက်ကျေးဇူးတင်စရာပဲဖြစ်ပါသည်။ မြို့ကိုရန်သူများက ဝိတ်ဆို့ထားသည်မဟုတ်လား။

ထိုသို့ဖြင့်ကာကာသည် တည်းခိုခန်းပိုင်ရှင်၏ ကူညီမှုဖြင့် တောလမ်းစပ်သို့ အချိန်မလင့်ရောက်ရှိသည်။ တောလမ်းကိုအသုံးပြုသည်။ တောလမ်းဖြင့် မြို့တွင်းသို့ဝင်သည်၊ အမေနှင့်တွေ့ဆုံသည်။ သားအမိနှစ်ဦးဝမ်းသာပျော်မြူးရသည်။

" တို့သားအမိနှစ်ယောက် ပြန်လည်တွေ့ဆုံကြလို့ဝမ်းသာနေကြတဲ့အချိန်မှာ ရန်သူတွေဝိုင်းထားတဲ့ အမေ့တို့တန်ဂါမြို့နဲ့ မြို့သူမြို့သားတွေ ကြေကွဲစရာပါပဲ" ဟု အမေကပြောသည်။ ကာကာသည်လည်း ကြေကွဲရပြန်သည်။

"ကျွန်တော့်တို့တန်ဂါမြို့ကို ရန်သူလက်ထဲပါမသွားအောင် ကျွန်တော်ကြိုးစားမယ်မေမေ၊ ဘုရင်မင်းမြတ်နဲ့မြို့သူမြို့သားတွေနဲ့အတူအင်အားဖြည့်မယ် မေမေ"

အမေသည်ကာကာကိုရှုန်းရှုန်းစားစားကြည့်သည်။ ခေါင်းညိတ်လိုက်သည်။ "အောင်မြင်ပါစေ"ဟုအမေဆုပေးသည်။

ကာကာသည်နန်းတော်သို့ဝင်သည်၊ ဘုရင်မင်းမြတ်သို့

အရှိအသေပြုသည်။

"ဘာအကြောင်းကိစ္စများလဲ၊ ဒီကိုယ်တော်မြတ်ကို တိုက်ရိုက်ဝင်တွေ့ခွင့်ပြုရန်လျှောက်ထားလာတဲ့ကိစ္စအမြန် သံတော်ဦးတင်၊ စစ်မက်အင်္ဂါစိုးရိမ်စရာဖြစ်ပေါ်နေရတဲ့အချိန်မှာ ဘယ်လိုအကြောင်းလဲ"ဟု ဘုရင်မင်းမြတ်အမေးတော်ရှိသည်။

"ဩော် . . . မောင်းမင်းက ဘယ်အရပ်ဘယ်ဒေသက လဲ"ဟု ဘုရင်မင်းမြတ်က သတိရရှိစွာ ထပ်မံအမေးတော်ရှိ ပြန်သည်။

"ကျွန်တော်မျိုးဟာ ဘုရင်မင်းမြတ်ရဲ့ တနင်္ဂါမြို့သား တစ်ယောက်ပါ။ တနင်္ဂါမြို့မှာမွေး၊ တနင်္ဂါမြို့မှာကြီးပြင်းလာခဲ့တဲ့ သူတစ်ယောက်ပါ၊ ဘုရင်မင်းမြတ်တနင်္ဂါမြို့ကခွာပြီး စီးပွားရေး အတွက် တစ်နယ်တစ်ရပ်မှာ နှစ်ပေါင်းများစွာ သွားရောက် လုပ်ကိုင်ရပြီး၊ ယခုမှ တနင်္ဂါမြို့ကိုပြန်ရောက်လာခဲ့တာပါ။ မြို့ကိုရန်သူတွေဝိုင်းရံထားတယ်လို့သိရှိလိုက်ရပါတယ် ဘုရင် မင်းမြတ်" ကာကာက ဘုရင်မင်းမြတ်သိသာပါရန် လျှောက်တင် ၏။

"ကျွန်တော်မျိုးဟာ တနင်္ဂါမြို့ကိုကာကွယ်ဖို့တာဝန် ရှိနေပါတယ်၊ တာဝန်ထမ်းဆောင်ဖို့ ဘုရင်မင်းမြတ်ရဲ့ခြေတော်

အောက်ကိုရောက်ရှိလာရခြင်းဖြစ်ပါတယ်၊ တာဝန်ထမ်းဆောင်ခွင့်ပြုပါဘုရင်မင်းမြတ်"

ဘုရင်မင်းမြတ်သိရှိလိုက်သည်၊ ခေါင်းညိတ်သည်။

"မောင်မင်းဟာ ရန်သူကိုနှိမ်နင်းဖို့ ဓါးတစ်လက် အိမှ မဟုတ် လှံတစ်ချောင်းကြိုက်ရာရွေး"ဟု ဘုရင်မင်းမြတ်မိန့်သည်။ ကာကာခေါင်းခါ၏။

"ကျွန်တော်မျိုးမှာ ပွမ်းအား ထက်မြက်တဲ့လက်နက်ရှိနှင့် ပြီးသားပါ" ကာကာက ဘုရင် မင်းမြတ်သို့လျှောက်တင်၏။

"ဘယ်လို . . . "

ဘုရင်မင်းမြတ်သည် ရုတ်တရက်နားမရှင်းဟန်ရှိသည်။

"ကျွန်တော်မျိုးမှာလက်နက်ရှိပါတယ်၊ ဟောဒီ တင်းပုတ်ပါ"ကာကာက သူ့အသင့်ယူဆောင်လာခဲ့သော တင်းပုတ်ကို ဘုရင်မင်းမြတ်သို့ပြသ,သည်။

" ဒီတင်းပုတ်ကို ရန်သူအစုအဖွဲ့ဆီကို ပစ်လွှတ်လိုက်မှာပါ။ ကျွန်တော်မျိုးကို မြို့တော်တောင်ဘက်က နန်းမျှော်စင်မြင့်ပေါ်ကို တက်ခွင့်ပြုပါ ဘုရင်မင်းမြတ် "

ဘုရင်မင်းမြတ်၏ ခွင့်ပြုချက်အရ ကာကာသည် မြို့တော်တောင်ဘက် နန်းမျှော်စင်မြင့်သို့ ရောက်ရှိသည်။

တင်းပုတ်ကို "ရိုက်"ဟုအသံမြင့်ကာ အမိန့်ပေးလိုက်သည်။ ထို့နောက် တင်းပုတ်ကိုမြို့အပြင်သို့ရောက်ရှိရန် အားကုန်အင်ကုန် လွှဲပစ်လိုက်လေသည်။ ကာကာအချိန်အဆ, မှန်ကန်တိကျပါသည်။ မြို့ပြင် ပတ်ပတ်လည်တွင်နေရာယူထားကြသော ရန်သူများထံသို့ တည့်မတ်စွာ ကျရောက်သွားပါသည်။

တင်းပုတ်သည် ရန်သူများကိုတစ်ယောက်ပြီးလျှင် တစ်ယောက် သဲသဲမဲမဲရိုက်နှက်သည်၊ ပထမတွင်ရန်သူများသည် အရှိန်ပြင်းစွာရွေ့လျားနေသောတင်းပုတ်ကို ငေးကြောင်ကြည့်နေမိကြသည်။ မည်သည့်အရာဖြစ်ပါလိမ့်ဟု၍ အံ့အားတသင့် ဖြစ်နေကြသည်။ တင်းပုတ်သည် သူတို့တစ်တွေ အံ့အားတသင့် ဖြစ်နေစဉ်မှာပင် တစ်ယောက်ပြီးတစ်ယောက်ပြင်းစွာရိုက်နှက်၏။ ရန်သူများ နာကျင်လွန်းလှစွာ ကစဉ့်ကလျားဦးတည်ရာသို့ ထွက်ပြေးကြကုန်သည်။ စုစည်းရန်မတတ်စွမ်းနိုင်၊ ထွက်ပြေး ကြသည်။ တပ်ပျက်သွားသည်။

"တင်းပုတ်ကြီးကလိုက်ရိုက်တယ်၊ တင်းပုတ်ကြီးကလိုက်ရိုက်တယ်"အသံဗလံများ ဆူညံသွားသည်။ အလားတူစွာ ဒဏ်ရာဒဏ်ချက်နာကျင်စွာ အော်ဟစ်သံများသည်လည်း အဆက်မပြတ်ဖြစ်နေ၏။

မြို့အတွင်းတွင်ရှိနေကြသော ဘုရင့်နန်းတွင်းတပ်သား များသည် ဓါးတစ်ချက်လှံတစ်ချက်မျှ မထိုးလိုက်ရပါဘဲလျက်၊ ရန်သူများအန္တရာယ်ကင်းရှင်းသည့်အခြေအနေကောင်းကို မြို့ လိုက်လေသည်။

"ရပ် . . ."

ကာကာသည်ရန်သူများနောက်သို့တရကြမ်း လိုက်လံ ရိုက်နှက်နေသောတင်းပုတ်ကို အော်ဟစ်သတိပေးလိုက်သည်။ တင်းပုတ်သည်ကြားသိ၏။ မြို့အတွင်းသို့ အလျင်အမြန်ရွေ့လျား ရောက်ရှိလာလေသည်။

"တန်ဂါမြို့ကိုဝိုင်းရံထားသောရန်သူများ အဏ်ရာအဏ် ချက်ပြင်းထန်စွာရရှိကာ ဆုတ်ခွာသွားကြပြီဟူသည့်သတင်းကို ဘုရင်မင်းမြတ်ကြားသိ ဝမ်းမြောက်ဝမ်းသာဖြစ်သည်။ အလား တူစွာ နန်းတွင်းသူနန်းတွင်းသားများ၊ တန်ဂါမြို့သူမြို့သားများ သည်လည်း အားရဝမ်းသာရှိနေကြသည်။

"ကာကာ . . . ကာကာ . . . ကာကာ . . ."

တန်ဂါမြို့တော်အတွင်းနှင့်တန်ဂါမြို့တော် ဝန်းကျင်တွင် "ကာကာ"၏အမည်သတင်းသည်ပျံ့နှံ့လျက်ရှိ၏။ တစ်ဦးနှင့် တစ်ဦးသည်လည်း ကာကာနှင့်စပ်လျဉ်းသည့် အကြောင်းအရာ

များကိုလည်း ပြောဆိုမဆုံးနိုင်ဖြစ်နေကြသည်။

မကြာမီတွင် ဘုရင်မင်းမြတ်သည် ယင်း၏သမီးတော်တစ်ဦးနှင့်ထိမ်းမြားပေးလိုက်လေသည်။ ကာကာသည် ဘုရင်မင်းမြတ်ချီးမြှင့်မြှောက်စားသည့် အဆောင်အယောင်ရာထူးအဆင့်တို့ကိုလည်း သတ်မှတ်ခံစားခွင့်ရရှိသည်။ ကာကာ၏မိခင်ကြီးသည်လည်း နန်းတော်မှာပင် အေးချမ်းပျော်ရွှင်စွာစံမြန်းနေရပေသည်။

* * * * *

# လမင်းထိန်ထိန်သာ

လွန်လေခဲ့ပြီးသော နှစ်ပေါင်းသန်းပေါင်းများစွာ ကာလကဖြစ်သည်။ ထိုကာလတွင် ညဥ့်ရောက်ပြီဆိုလျှင် ညဥ့်သည် ပိန်းပိန်းပိတ် မှောင်မည်းနေပါသည်။ အလင်းရောင်တစ်စုံတစ်ရာမရှိ၊ လ,ရောင်မရှိဖြစ်သည်။ ညဥ့်များသည် လုံးလုံးလျားလျားမှောင်မိုက်နေ၏။ နေဝင်ညဥ့်ရောက်သည်နှင့် ညဥ့်တွင် အမှောင်ထုသည် အင်နှင့်အားနှင့် ကျရောက်လာပေသည်။ မှောင်လွန်းသော ညများပါတကား။

ထိုကာလ ထိုအခြေအနေမှာပဲဖြစ်သည်။ ရွာတစ်ရွာမှ ရွာသားငါးယောက်သည် ခရီးအတူထွက်ရှိလာကြသည်။ အခြားရွာတစ်ရွာသို့ဖြစ်သည်။ သူတို့တစ်တွေသွားရောက်မည့်ရွာသို့ မရောက်မီ ရွာပေါင်းခြောက်ရွာမျှဖြတ်သန်းရန်ရှိသည်။

"နေ့ဘက်မှာ ခရီးတွင်ကျယ်အောင် ခပ်မြန်မြန် လျှောက်ကြဗျာ၊ နေရောင်ကိုအားပြုရတယ်"

ရှာသားငါးယောက်အနက် ရှာသားတစ်ယောက်က အခြေအနေကို သုံးသပ်စွာပြောသည်။ မှန်ပါသည်။ နေ့ဘက်တွင် နေရောင်သည် လင်းလင်းကျင်းကျင်းဖြစ်သည်။ သူတို့ရည်မှန်း သောရွာသို့ရောက်ရှိရန် ရွာပေါင်းမြောက်ရွာမျှကျော်ဖြတ်ရဦး မည်ဖြစ်သည်။ မိုးမချုပ်အမှောင်ထုမကျရောက်မီ ရည်မှန်းသော ရွာသို့ရောက်ရှိရန်ဖြစ်သည်။

ရှာသားငါးယောက်သည် နေရောင်အောက်တွင် သွက် သွက်မြန်မြန်လျှောက်နေကြသည်။ တစ်ရွာပြီးတစ်ရွာဖြတ်သန်း လာခဲ့ကြသည်။ ရွာအပေါင်းမြောက်ရွာအနက် ရွာပေါင်း ငါးရွာသို့ ဝင်ရောက်ခဲ့ကျော်ဖြတ်ခဲ့ကြပြီဖြစ်သည်။

ယခုနောက်ဆုံးရွာတစ်ရွာသို့ ဖြတ်သန်းအပြီးတွင်၊ သူတို့သွားရောက်ရန်ရည်မှန်းခဲ့သော ရွာသို့ ဆိုက်ဆိုက်မြိုက် မြိုက်ရောက်ရှိပါပြီဖြစ်သည်။

ထိုအချိန်တွင်နေဝင်ခဲ့ပြီဖြစ်သည်။ နေဝင်ခဲ့ပြီဆိုမှတော့ အလင်းရောင်သည် ဘယ်မှာရှိလာနိုင်ပါမည်နည်း။ အမှောင်ဖုံး လွှမ်းသွားလေသည်။

“ဟာ . . . ဒီရွာက မှောင်မည်းနေတဲ့ညမှာ လင်းလင်းကျင်းကျင်းဖြစ်နေပါလား၊ အံ့စရာပါပဲ ”

ခရီးသည်ရှာသား၀၊ဦးအနက်၊ တစ်ဦးကဦးစွာ သတိပြုလိုက်မိသည့်ဟန်ဖြင့် ပြောသည်။

“ ဟုတ်တယ်ဟေ့ ” ခရီးသည်ရှာသားတစ်ဦးက ဆက်လက်ထောက်ခံလိုက်သည်။

“အလင်းရောင်ဟာလည်း သိပ်ပြီး တောက်တောက်ပပ, မဟုတ်လှဘူး ဒါပေမဲ့ ငွေရောင်တောက်နေသလိုပဲ၊ တွေ့မြင်ရတာ ရင်ထဲမှာအေးမြသွားတာပဲ၊ အဟုတ်”

ကျန်ခရီးသည်ရှာသားများ ခေါင်းတညိတ်ညိတ်ရှိနေကြသည်။

“ဟုတ်ပါရဲ့ ပတ်ဝန်းကျင်တစ်ခွင်လုံးလည်း ငွေရောင်လက်လက်ထ,နေသလိုပါပဲ၊ သစ်ပင်သစ်ရွက်စိမ်းစိမ်းရင့်ရင့်တွေအပေါ်မှာ ငွေရောင်အလင်းဖြာကျနေတာဟာလည်း လှပါပေ့ဗျာ၊ လှပါပေ့”

ခရီးသည်ရှာသား၀၊ဦးစလုံး ငွေရောင်လင်းလက်နေသည့် ပတ်ဝန်းကျင်အနေအထားကို သဘောကျနေကြသည်။ သူတို့ခံစားနေကြရသည်။

စင်စစ်၊ ရွှန်းမြသောငွေရောင်သည် ဝန်းဝိုင်းသောအရာ တစ်ခုမှ ပေါ်ထွက်လာသည့်အဖြစ်ကို ခရီးသည်ရွာသားငါးဦး ထင်သာမြင်သာဖြစ်ကြရသည်။

"ဟာ . . . အဲ့ဒီလုံးဝန်းတဲ့အရာကို ဝက်သစ်ချပင် တစ်ပင်ပေါ်မှာ ချိတ်ဆွဲထားတာကိုး ဗျ၊" ဟု ခရီးသည်ရွာသား ငါးဦးအနက်ရွာသားတစ်ဦးက ကောက်ကာငင်ကာ ပြောလိုက် သည်။

"ဝက်သစ်ချပင်ကြီးကလည်း ရွာရဲ့အလယ်ဗဟို လောက်မှာပဲ၊ အဲဒီလုံးဝန်းတဲ့အရာထဲက ငွေရောင်အလင်းတွေ လေး ဘက်လေးတန် ပျံ့နှံ့ကျရောက်သွားတာပဲပေါ့"

"အဲဒီ . . . အဲ့ဒီလုံးဝန်းတဲ့အရာက ဘာများလဲခင်ဗျာ၊ အဲ့ဒါကို ဘယ်လိုခေါ်သလဲ"

ခရီးသည်ရွာသားတစ်ယောက်က မေးမြန်းလိုက်သည်။ အလွန်မေးမြန်းသင့်ပါသော မေးခွန်းတစ်ခုပါပဲလေ

"ဪ . . . ဝက်သစ်ချပင်ပေါ်ကလား" အနီးအပါး တွင်ရှိနေသော ရွာခံရွာသားတစ်ယောက်က ကြားသိလိုက် သည်။

"အဲ့ဒါကို လမင်းရယ်လို့ခေါ်ပါတယ်၊ မြို့တော်ဝန်က

အဲဒီ လမင်း,ကိုဘယ်နေရာကယူဆောင်လာခဲ့သလဲဆိုတာကို ကျွန်တော်တို့ ရွာသားတွေ မသိရှိရပါဘူး၊ မေးလည်းမမေးပါဘူး ဘယ်ကရလာရလာပေါ့ဗျာ၊ ဟုတ်ဘူးလား"

ခရီးသည်ရွာသားများက ရွာခံရွာသားစိတ်ပါလက်ပါ ရှင်းလင်းပြောဆိုနေသည်ကိုစိတ်ပါဝင်စားစွာရှိနေကြသည်။

"မြို့တော်ဝန်က သူယူဆောင်လာခဲ့တဲ့ လမင်းဝန်းဝန်း ဝိုင်းဝိုင်းကို ရွာအလယ်က ပေါဒီ ဝက်သစ်ချပင်ကြီး အပေါ်မှာ နေရာသတ်မှတ်ချိတ်ဆွဲထားရှိလိုက်တယ်လို့ပဲ၊ လူကြီး သူမ, တွေ အဆက်ဆက်က ပြောသံဆိုသံတွေ ကြားသိခဲ့ရတယ်"

"ဪ . . . အဲ့ဒါလမင်းကိုး" ခရီးသည်ရွာသားငါးဦး က သိရှိသွားကြ၏။

"ညအမှောင်မှာ လမင်းရဲ့အလင်းရောင်နဲ့ လင်းလင်း ချင်းကျင်းဖြစ်နေတာပဲနော်၊ အမှောင်နဲ့အကျည်းတန်နေတဲ့ည တာ လမင်းရဲ့အလင်းရောင်ကြောင့် သာယာလှပနေလိုက်တာ၊ "လမင်းဟာအဖိုးထိုက်တန်ပါပေရဲ့ ညဥ့်အမှောင်ဟာ ပျက်ပြယ် ပြီးအားလုံးမြင်မြင်ထင်ထင်ဖြစ်သွားတော့တာပဲ"

ခရီးသည်ရွာသားငါးဦးအတွေးကိုယ်စီနှင့်ဖြစ်သွား ကြသည်။

"ဝက်သစ်ချပင်ကြီးပေါ်က လမင်းကိုဖြုတ်ယူမယ်၊ ရှာကိုသယ်ဆောင်မယ်"ဟု တိတ်တခိုးဆုံးဖြတ်လိုက်ကြသည်။

"ရှာအလယ်ကစိန်ပန်းပင်ကြီးပေါ်မှာ ချိတ်ဆွဲထားမယ်၊ ညဘက်အမှောင်မှာအလင်းရောင်ရရှိမှာမို့လို့ ရှာသူရှာသားတွေဆီက အိမ်တစ်အိမ်တယ်ရှေ့ဘယ်မျှလောက်ဆိုပြီး ငွေကြေးနေ့စဉ်ကောက်ခံသွားမယ်၊ နေ့စဉ်ဝင်ငွေရမယ်၊ လကြာနှစ်ကြာရင် ငွေတွေအများကြီးစုမိဆောင်းမိမယ် တို့တစ်တွေသူဌေးကြီးတွေ ဖြစ်ကုန်ကြမယ်၊ ဖြစ်ကုန်ကြမယ်"

ခရီးသည်ရှာသားငါးယောက်သည် ရှာအနောက်ဘက်ခြမ်း ချုံနွယ်ပိတ်ပေါင်းထူထပ်သောနေရာတွင်၊ လူစုခွဲ၍ပုန်းလျှိုးကွယ်လျှိုးနေနေကြသည်။ သူတို့သည် ညဉ့်နက်သည့် အချိန်ကိုစောင့်ဆိုင်းနေကြ၏။ ညဉ့်နက်သော် ရှာသူရှာသားယောကျ်ားမိန်းမ,ကလေးသူငယ်များ အလျှို အလျှို မိမိတို့၏နေအိမ်များသို့ပြန်သွားကြသည်။ ရှာသည်တိတ်ဆိတ်စွာရှိနေ၏။

ထိုအချိန်မှာ ဖြစ်သည်။ ခရီးသည်ရှာသားအကြံသမားငါးဦးသည် ယင်းတို့အသီးသီးပုန်းအောင်းရာ ချုံနွယ်ပိတ်ပေါင်းများအကြားမှ ထွက်ရှိလာကြသည်။

သူတို့ငါးဦးသည်ခြေဆံလုံစွာဖြင့် လမင်းကြီးချိတ်ဆွဲ

ထားရှိရာ ဝက်သစ်ချပင်ကြီးရှိရာသို့ ဦးတည်လာကြသည်။

"ဝက်သစ်ချပင်ကြီးကမြင့်တယ်၊ နှစ်ယောက်တက်၊ တစ်ယောက်ကချိတ်ဆွဲထားတဲ့လမင်းကိုဖြုတ်ယူ၊ အသံမကြားစေနဲ့ ကျန်ရှိတဲ့တစ်ယောက်ကိုလက်ပြောင်းလက်လွှဲလုပ်လိုက်၊ ပြီးရင်အောက်ခြေမှာ စောင့်ဆိုင်းနေတဲ့တို့တစ်တွေဆီကို၊ ဖြုတ်ယူလာခဲ့တဲ့လမင်းကိုအမြန်လက်ဆင့်ကမ်း" ဟု ငါးဦးအနက်မှ တစ်ဦးက လမင်း,ကို မည်သို့မည်ပုံသယ်ဆောင်ရမည့် အစီအစဉ်ကို အသေးစိတ် စီမံခန့်ခွဲနေပေသည်။

စီမံခန့်ခွဲသည်နှင့်အညီပဲဖြစ်သည်။ ခရီးသည်ရွာသားငါးဦးသည် ဝက်သစ်ချပင်ကြီးထက်တွင် ချိတ်ဆွဲထားသောလမင်းကို လက်ဝယ်ပိုင်ပိုင်ရယူနိုင်ခဲ့ကြပေသည်။ သူတို့သည် လမင်းကိုယူဆောင်၍သူတို့နေရင်းရွာသို့ ညတွင်းချင်း ပြေးလွှားသွားကြသည်။

စင်စစ်ခရီးသည်ရွာသားငါးယောက်သည် ယခုရွာသို့ ရောက်ရှိလာကြသည်မှာ သူတို့အသီးသီးကိစ္စကိုယ်စီနှင့် ဖြစ်ကြသည်။ ရွာသို့ရောက်ရှိခါမှ၊ ဝက်သစ်ချပင်ကြီးပေါ်တွင် ချိတ်ဆွဲထားသောလမင်းကို တွေ့မြင်လိုက်ကြပေသည်။ လမင်း၏ အလင်းရောင်ကြောင့် ရွာအတွင်းတွင် လင်းလက်နေသည့် အနေ

အထားကိုလည်း ဆက်လက်၍တွေ့မြင်ရသည်။ သူတို့ ရွာမှာမူ ညဥ့်အချိန်တွင် မှောင်မှောင်မည်းမည်းဖြစ်နေသည်ကို သူတို့ သိရှိပြီးသား။ သူတို့ငါးဦး ရုတ်တရက်စိတ်အပြောင်းအလဲ ဖြစ်လာကြ၏။ သို့ဖြင့် သူတို့တစ်တွေ သစ်ပင်ပေါ်မှာ ချိတ်ဆွဲထား သော လမင်းကိုသူတို့ရွာတွင် ပြန်လည်အသုံးပြုရန် စိတ်ကူး မိကြကာ ယူဆောင်ပြေးကြခြင်းဖြစ်သည်။

သစ်ပင်ပေါ်မှာ ချိတ်ဆွဲထားသည့်လမင်းအား ခရီးသည် ရွာသားငါးဦးတို့ ယူဆောင်ပြေးသည်နှင့် တစ်ပြိုင်နက် လရောင် ထိန်ထိန်လင်းနေသော ရွာသည် ခဏချင်းမှာပင် မှောင်မည်း သွားပေသည်။ ရွာတစ်ရွာလုံးသည် အမှောင်ထုထဲမှာပင် နစ်မြုပ် သွားလေရော့သလားမှတ်ရသည်။

"ဟား . . . ဘယ်လိုဖြစ်တာလဲ တစ်ရွာလုံး မှောင် မည်းနေပါလား"

ရွာမှအကြီးအကဲက သူကိုယ်တိုင်လည်း အော်အော် ဟစ်ဟစ်ပြောပြောဆိုဆိုဖြင့် ရွာလယ်လမ်းသို့ရောက်ရှိလာ သည်။

ရွာအတွင်းအိမ်တိုင်းလိုလိုမှ ရွာသူရွာသား လူကြီး လူငယ်များ တုတ်ဓါးများကိုင်ဆောင်ကာ ဖျိုးဖျိုးဖျတ်ဖျတ် ဆင်း

လာကြသည်။

" ဘာဖြစ်လို့ မှောင်မည်းနေတာလဲ "

" ဒီလိုအခြေအနေမျိုး မဖြစ်ဖူး . . . ဘူး "

" ဟာ . . . ဝက်သစ်ချပင်ပေါ်က လမင်းမှမရှိတော့ ပဲဟာ " ရွာသူရွာသားများ တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ရှိလာ၏။

" လမင်းမရှိတော့လို့ တစ်ရွာလုံးမှောင်သွားတာ "

" လမင်း ဘယ်ရောက်သွားသလဲ "

" လမင်း ပျောက်နေပြီ "

" လမင်း ဘယ်သူယူသွားသလဲ " တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြသည်။

" လမင်းကို ခိုးသွားတာ "

" ဟာ . . . သိပြီ၊ ညကရွာကို မျက်နှာစိမ်းငါးယောက် လာကြတယ်လေ၊ ဝက်သစ်ချပင်ပေါ်က လမင်းကို တအံ့တသြ ကြည့်နေကြတယ်၊ ဟုတ်ပြီ "

" ဟုတ်တယ်၊ ဒီမျက်နှာစိမ်းငါးယောက်ပဲ၊ လမင်းကို ခိုးသွားတာဖြစ်မယ် "

"ကဲ . . . ပြောနေကြာတယ်၊ မျက်နှာစိမ်းငါးယောက်

ကို လိုက်ဖမ်းမယ်၊

" ဒီကောင်ငါးကောင်စလုံး မျက်နှာစိမ်းတွေပါ။ ပုံမှန် လမ်းအတိုင်းသူတို့ထွက်ပြေးကြမယ်၊ မျက်နှာစိမ်းတွေပဲဟာ ရွာရဲ့ ဘယ်လမ်းဘယ်စခန်းဆိုတာ သူတို့ဘယ်လိုသိကြမှာလဲ၊ လူစုသုံးစုခွဲ၊ ဖြတ်လမ်းကလိုက်၊ ဖြတ်လမ်းကဆို့ပိတ် "

" ဒီမျက်နှာစိမ်းကောင်တွေ တို့ရွာသားတွေလက်ထဲက မလွတ်မြောက်နိုင်ပါဘူး၊ သူတို့ကငါးယောက်၊ တို့ကတစ်ရွာလုံး အင်အား "

"လူစုခွဲ၊ လိုက်ကြ . . . "

မကြာမြင့်ပါပေ၊ ခရီးသည်ရွာသားငါးယောက်ကို၊ ရွာသူ ရွာသားအုပ်စုတစ်စုက ဖမ်းဆီးမိလိုက်သည်။ သူတို့ငါးဦးထဲမှ တစ်ဦးထံတွင် သက်သေခံပစ္စည်းလမင်းနှင့်အတူ လက်ပူး လက်ကြပ်မိလိုက်သည်။ မည်သို့ ဘူးကွယ်ငြင်းဆန်နိုင်ပါမည် နည်း။

တစ်ရွာလုံးအော်သံပစ်သံ၊ ကြိမ်းသံမောင်းသံများ ဆူ ညံသွားကြသည်။ ရွာသူရွာသားများကိုယ်စီကိုယ်စီ မကျေမနပ် ဖြစ်ကြသည်။ ဘယ့်နှယ်၊ ဘယ်နှယ့် တစ်ရွာလုံးကို ညမှာအလင်း ရောင်ပေး၍သာသာယာယာဖြစ်စေသည့် လမင်းကိုမှ ယူဆောင်

ရက်ကြပါပေရဲ့ မည်သို့သော နှလုံးသားဖြင့် သို့နှယ် ပြုမူကြပါသနည်း။

ရွာသူရွာသားများဒေါသတကြီးဖြစ်နေကြသည်။ ရိုက်မယ်ပုတ်မယ်ဖြစ်နေကြသည်။ ဒေါသကိုမထိန်းနိုင်မသိမ်းနိုင်ဖြစ်နေကြသည်။

"ဟေ့ . . . လက်လွန်ခြေလွန်ဖြစ်ကုန်ကြမယ်"

ရွာအကြီးအကဲက ဒေါသဆူပွက်နေကြသော ရွာသူရွာသားများကို ဟန့်တားသည်။

"သူတို့ဘက်က အလွန်ဟာ ကိုယ့်အလွန်ဖြစ်ကုန်ကြမယ်၊ တရားနည်းလမ်းဆိုတာရှိတယ်'

တစ်ရွာလုံးက မကျေမချမ်းဖြစ်ကြသည်မှာ အမှန်ဖြစ်သည်။ အော်ဟစ်သံ၊ ကြိမ်းမောင်းသံ၊ တက်ခေါက်သံတို့က ဆူညံနေ၏။ အစောပိုင်းက တိတ်ဆိတ်ငြိမ်သက်နေသော ရွာသည် ယခုဒေါသပေါက်ကွဲသံညံစာစာဖြစ်နေ၏။ လရောင်ကွယ်နေသော ညဥ့်အမှောင်ထုအောက်တွင် ရွာသည် ရုတ်ရုတ်သဲသဲဖြစ်နေ၏။

ထိုအခြေအနေကြောင့်ပင် ဖြစ်ပါသည်။ ကောင်းကင်မှ တန်ခိုးတော်ရှင်သည် စိတ်အနှောင့်အယှက်ကြီးစွာဖြစ်နေ၏။

တန်ခိုးတော်ရှင်သည် ရွာအတွင်းတွင်ဖြစ်ပွားနေသော အခြေအနေကို ယင်း၏တန်ခိုးဖြင့် ကွင်းကွင်းကွက်ကွက်သိမြင်တော်မူလိုက်သည်။

" ဖြေည် . . . ဖြေည် . . . . ဒါကြောင့်ကိုး "

တန်ခိုးတော်ရှင်သည် ရွာအတွင်းတွင် ရုန်းရင်းဆန်ခတ် ဖြစ်ပွားနေသည့် အနေအထားကို မသက်မသာဖြစ်နေမိလေသည်။

" အမြန်ဆုံးရှင်းမှရှင်းမှ "

တန်ခိုးတော်ရှင်သည် နတ်သားတစ်ပါးကို ခေါ်လိုက်သည်။

" အဲဒီရွာကိုသွား လမင်းကိုအကြောင်းပြပြီး၊ ရွာခံရွာသူ ရွာသားတွေနဲ့တစ်ခြားရွာက ရွာသူရွာသားတွေ တစ်ဘက်နဲ့တစ်ဘက်အမျက်ဒေါသတွေဝင်ပြီး၊ ရန်ပြုနေကြလေရဲ့၊ ငြိမ်အေးချမ်းသာစွာနဲ့ ကမ္ဘာမြေကို ပြုစုပျိုးထောင်နေကြရမဲ့ ဥစ္စာ၊ အလွဲအချော်တွေလုပ်နေကြတယ်၊ အရင်းစစ်တော့ လမင်းကြောင့်ဖြစ်နေကြရတာ၊ အမောင်နတ်သား လမင်းကို အမြန်ပြန်လည်သိမ်းပိုက်ရယူလာခဲ့"

ကောင်းကင်တန်ခိုးတော်ရှင်၏လမ်းညွှန်ချက်နှင့် အညီ

ပဲဖြစ်သည်။ နတ်သားသည် ရွာသူရွာသားတစ်ဘက်နှင့်တစ်ဘက်အချင်းများနေသည့် ရွာသို့သွားရောက်သည်။ လမင်း,ကို ပြန်လည်ရယူခဲ့၏။ အချင်းများရန်ဖြစ်နေကြသည့်အခြေအနေသည်လည်း လျော့ပါးချုပ်ငြိမ်းသွား၏။

နတ်သားသည် ပြန်လည်ရယူလာခဲ့သောလမင်းကို ကောင်းကင်တန်ခိုးတော်ရှင်သို့ ဆက်လက်၍ အပ်နှင်းလိုက်သည်။

ကောင်းကင်တန်ခိုးရှင်သည်လည်း လက်ခံရရှိလာသော လမင်းကိုကောင်းကင်ပြင်တစ်နေရာတွင် ဗိုက်ပ်ထား လိုက်လေသည်။ ထိုခဏမှာပင် လမင်း၏အလင်းရောင်သည် ဝင်းပ,သွား၏။ လမင်းကိုအကြောင်းပြု၍တင်းမာခဲ့ကြသော ရွာသူရွာသားနှစ်ဦးနှစ်ဘက်နေထိုင်ကြသည့် ရွာနှစ်ရွာအပါအဝင်ဖြစ်သည်။ မြေကမ္ဘာတစ်ခွင်လုံး မည်သည့်နေရာမှာမဆို လမင်း၏အေးမြသောအလင်းရောင်သည် ဖြာကျရွှန်းမြ,နေပေသည်။ သူ့ရွာကိုယ့်ရွာ၊ သူ့မြို့ကိုယ်မြို့၊ သူ့ဒေသကိုယ့်ဒေသ၊ သူ့နိုင်ငံကိုယ့်နိုင်ငံမခွဲခြား။ မြေကမ္ဘာအနှံ့မှာပဲ အကြားအလပ်မရှိ လရောင်ဝင်းလက်သည်။

* * * * *

# ချိတုံချတုံ မရွှေမှုံ

တစ်ရံရောအခါကဖြစ်သည်။ ရွာတစ်ရွာမှာဖြစ်သည်။ ဇနီးမောင်နှံနှစ်ဦးနေထိုင်ကြသည်။ တောင်သူအလုပ်ကိုလုပ်ကိုင်ကြသည်။

ဇနီးသည်၏အမည်မှာ မရွှေမှုံဖြစ်သည်။ သူမ,သည် အလုပ်အမျိုးအစားတစ်ခုခုကိုလုပ်ကိုင်ရမည့်အခါတွင် သင်ကြားမှုခံယူထားရှိသည်နှင့်အညီဖြစ်သည်။ လုပ်ရကောင်းနိုး၊ မလုပ်ရကောင်းနိုးဖြင့် ချိတုံချတုံဖြစ်မြဲဖြစ်သည်။

"ဪ . . . ချိတုံချတုံ မရွှေမှုံရယ်"ဟူ၍ပင် ခင်ပွန်းသည်က ရယ်ရွှန်းပတ်ရွှန်းခေါ်ဝေါ်ခဲ့ရာမှ၊ အမည်တွင်ရစ်ခဲ့၏။

ချိုတုံချတုံမရွှေမှုံတဲ့ဗျာ။

* * *

တစ်နေ့မှာဖြစ်သည် နံနက်ခင်းတွင်လည်းဖြစ်သည်။

"မရွှေမှုံစိုက်ခင်းကိုဆင်းအုံး" ခင်ပွန်းသည်က မရွှေမှုံသို့ပြောသည်။

"ရှင်မပြောခင်ကတည်းက ကျွန်မ,ကသွားမို့ပါ"

မရွှေမှုံက ပြောပြောဆိုဆို ထမင်းချိုင့်တွင် ထမင်းဟင်းထည့်သည်။ စိုက်ခင်းတွင် အချိန်ကြာမြင့်မည်ဖြစ်သည်။ စိုက်ခင်းမှာပင် ထမင်းစားမည်ဖြစ်သည်၊ ထမင်းချိုင့်ကိုဆွဲပြီးစီးသွားသည်။

"ကျွန်မသွားပြီ"

မရွှေမှုံက ခင်ပွန်းသည်ကိုနှုတ်ဆက်ပြောဆို၊ အိမ်မှထွက်ခွာခဲ့သည်။ စိုက်ခင်းသို့ရောက်ရှိ၏။ စိုက်ခင်းအတွင်းတွင်လုပ်ကိုင်စရာများရှိနေသည်။

စိုက်ခင်းနှင့်ခပ်လှမ်းလှမ်းရှိ သစ်ပင်အောက်တွင် မရွှေမှုံသည် ခြေပစ်လက်ပစ်ထိုင်လိုက်၏။ ရွာမှသည် ရွာအပြင်စိုက်ခင်းသို့ ခြေလှမ်းကြဲကြဲဖြင့် လျှောက်လှမ်းလာခဲ့ရ၍လည်း မရွှေမှုံ

မောပိုက်နေသည်မှာအမှန်ပဲဖြစ်သည်။ သို့ဖြင့် ခြေပစ်လက်ပစ် အနားယူနေလိုက်သည်။

အချိန်အတန်မျှကြာမြင့်သွား၏။ မရွှေမှုံတစ်ယောက် အမောပြေပျောက်သွားပြီ သူမ,သည် စိုက်ခင်းစိမ်းစိမ်းစိုစိုသို့ လှမ်းမျှော်ကြည့်ရှုလိုက်သည်။

"အင်း . . . ရေလောင်းရမယ်၊ ပင်ခြေရှင်းကိုရှင်းရမယ်" မရွှေမှုံသည်လုပ်ငန်းအစီအစဉ်ကိုစိတ်ကူးလိုက်သည်။

"ဟုတ်ပြီ"

ထို့နောက်မရွှေမှုံ၏အကြည့်သည် ထမင်းချိုင့်သို့ ဖျတ်ခနဲ ရောက်ရှိသွား၏။

"အင်း . . . ငါ . . . စိုက်ခင်းအလုပ်တွေကိုပဲ အရင် လုပ်ရမလား၊ ဒါမှမဟုတ် ထမင်းပဲ အရင်စားလိုက်ရမလား"

မရွှေမှုံ ချီတုံချတုံဖြစ်နေ၏။

"အလုပ်နှစ်ခုကို တစ်ပြိုက်နက်တည်းလုပ်ဖို့ဆိုတာက ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ အလုပ်နှစ်ခုရှိတဲ့အထဲက တစ်ခုကိုပဲ ဦးစားပေးလုပ်ရမယ်"

မရွှေမှုံ အပြေးအလွှားစဉ်းစားသည်။

"အင်း . . . . စဉ်းစားလို့ရပြီ"

မရွှေမှုံစိတ်အကျဉ်းအကြပ်ဖြစ်နေရာမှ လျှော့ပါးသည့်ဟန်ရှိလာ၏။

"ထမင်းချိုင့်ဖွင့်မယ်၊ ထမင်းအရင်စားမယ်"

မရွှေမှုံသည် ချိုတုံချတုံဖြစ်နေရာမှ အဖြေတစ်ခုကို သိရှိလိုက်သည့် ပုံပန်းဖြစ်လာပြန်သည်။ ဖျတ်လတ်လာသည်။

မရွှေမှုံ ထမင်းချိုင့်ဖွင့်သည်။ ထမင်းစားလိုက်၏။ အားရပါးရ ပလုတ်ပလောင်းစားလိုက်သည်။ သူမသည် တင်းတိမ်ကျေနပ်သွား၏။

" စားလို့မြိန်လိုက်တာ "

မရွှေမှုံ ထမင်းစားကောင်းသွား၏။

" ဗိုက်ခင်းထဲဆင်းရအုံးမယ် "

မရွှေမှုံတစ်ယောက်သူ့အနေဖြင့် လုပ်ဆောင်ရန်ကျန်ရှိနေသေး သည့် အစီအစဉ်တစ်ခုကို သတိရရှိလိုက်သည်။

" အင်း . . . ထမင်းစားကောင်းကောင်းနဲ့ စားလိုက်တာ ဗိုက်တင်းသွားတာပဲ၊ မျက်စိတောင် မဖွင့်ချင်တော့ဘူး။ ငိုက်လာတယ်အိပ်ချင်ပြီ၊ အရေးထဲ ဗိုက်ခင်းထဲဆင်းရမှာကလည်း ရှိပြန်သေးတော့"

မရွှေမှုံ စဉ်းစားရပြန်သည်။

"အင်း . . . . ."

မရွှေမုံ သက်ပြင်းချသည်။

" တစ်ရေးလောက်အိပ်ချင်လိုက်တာ စိုက်ခင်းက လည်းတစ်မျှော်ငဲ့၊ ဘယ်ဟာကို ဦးစားပေးရမလဲ၊ တစ်ရေးအိပ်ရမှာလား၊ စိုက်ခင်းထဲ ဆင်းရတော့မှာလား"

ထုံးစံအတိုင်းပဲဖြစ်ပါသည်။ မရွှေမုံ ချီတုံချတုံဖြစ်ရပြန်သည်။ တစ်ရေးအိပ်ရမှာလား၊ စိုက်ခင်းထဲမှာ အလုပ်လုပ်ရမှာလား။

" ဟယ် . . . စိုက်တင်းတင်းနဲ့တစ်ရေးပဲ အိပ်လိုက်အုံးမယ် "

မရွှေမုံ တစ်ယောက်အပြီးသတ် ဆုံးဖြတ်ချက်ချလိုက်သည်၊ ချီတုံချတုံ ဖြစ်မနေတော့ပေ၊ မရွှေမုံ သစ်ပင်ကြီး အောက်မှာပဲ အိပ်လိုက်သည်။ မကြာမြင့်ပါချေ၊ မရွှေမုံ တစ်ယောက်နှစ်ချိုက်စွာအိပ်ပျော်သွား၏၊ နေ့လယ်အိပ်မက်ပင်မက်လိုက်ပါသေးသည်။

ခင်ပွန်းသည် စိုက်ခင်းသို့ လိုက်လာသည်။

စိုက်ခင်းအတွင်းတွင် စိုက်ခင်းနှင့် စပ်လျဉ်းရာများ မပြုမပြင်ရသေးသည့် အဖြစ်ကိုလည်း ခင်ပွန်းဖြစ်သူ တွေ့လိုက်ရ

သည်။

“ မရွှေမှုံ တစ်ယောက်ကဘယ်မှာလဲ ”

ခင်ပွန်းသည်က ဟိုဟိုသည်သည် မျက်စိကစားကြည့်သည်။

“ ဝိုက်ခင်းထဲမှာ ဘာအလုပ်မှလည်း မပြီးသေးပါလား” ခင်ပွန်းသည် စိတ်ပျက်လက်ပျက်ဖြစ်သွား၏။

“နေပါအုံး၊ အဲဒီ မရွှေမှုံတစ်ယောက်ကရော” ခင်ပွန်းသည် စဉ်းစားစရာဖြစ်လာသည်။

“မနက်ကတည်းက အိမ်ကဟန်ဟန်ပန်ပန်နဲ့ ထမင်းချိုင့်ဆွဲပြီး ဝိုက်ခင်းကို ထွက်သွားတဲ့ ဉစ္စာ၊ ဪ . . . လက်စသတ်တော့ . . . ”

ခင်ပွန်းသည် စကားအဆုံးမသတ်မိ၊ ဇနီးသည် မရွှေမှုံကို တွေ့ မြင်လိုက်သည်။

“လေတဖြူးဖြူးနဲ့သစ်ပင်အောက်မှာ အိပ်ပျော်နေတာကိုး၊ ကောင်းပါတယ်၊ ကောင်းပါတယ်၊ ဪ . . . ထမင်းချိုင့်က ဘေးနားမှာ ထမင်းစားအပြီး ဝိုက်တင်းအိပ်ပျော်သွားတာပဲ ဖြစ်ရမယ်”

ခင်ပွန်းသည် သစ်ပင်အောက်သို့ရောက်ရှိသွား၏။

မရှေ့မှုံက တုတ်တုတ်မျှမလှုပ်၊ အိပ်မောကျဆဲဖြစ်သည်။ ည ပေါင်းများစွာအိပ်ရေးပျက်ခဲ့သည့်အသွင်၊ အတိုးချ အိပ်ပျော်နေသည့်နှယ်ဖြစ်သည်။

ခင်ပွန်းသည် စိတ်တိုသွား၏။

"သူ့ကိုယုံကြည်လို့ စိုက်ခင်းကို စောစောလွှတ်လိုက်ကာမှ၊ လုပ်ငန်းဘာမျှလည်း မပြီးစီးပါလား"

ခင်ပွန်းသည် တဖျစ်တောက်တောက် ပြောနေလိုက်မိသည်။

" နိုးလိုက်အုံးမှ " ဟု ခင်ပွန်းသည် ကြုံးရှယ်လိုက်သည်၊ တကယ့်တကယ် မနိုးဖြစ်ပေ၊

" ဒီလောက်တောင် ပေါ့ပေါ့လျော့ လျော့ဖြစ်ရတယ်"

ခင်ပွန်းသည် မကျေမချမ်းနိုင်ဖြစ်ရသည်။

"ဒီအချိန်ဟာအချိန်နဲ့ တစ်ပြေးညီအလုပ်ကို လုပ်ကိုင်နေရတဲ့အချိန်၊ သူပဲ အေးအေးဆေးဆေး အိပ်နေနိုင်တယ်"

ခင်ပွန်းသည် စိတ်မောလူမောဖြစ်ရသည်။

"နေပါအုံး၊ သင်ခန်းစာပေးရမယ်"ဟု ခင်ပွန်းသည် ကြိမ်းသည်၊ သူသည်အနီးအပါးမှ ပိုက်ကွန်ကြီးတစ်ခုကို ရယူလာခဲ့၏။

ထို့နောက် ပိုက်ကွန်ကို အိပ်ပျော်နေသော မရွှေမှုံ ကိုယ်ပေါ်သို့ ရုတ်တရက်လွှမ်းခြုံလိုက်လေသည်။ ဖြစ်ရလေ၊ မရွှေမှုံက သူ့ကိုယ်ပေါ်သို့ ပိုက်ကွန်ကြီးတစ်ခု ဖြုန်းခနဲ ဖုံးလွှမ်း ကျ ရောက်လာသည့်အခြေအနေကိုပင် မသိရှိပေ၊ အေးဆေးစွာ အိပ်ပျော်နေဆဲပဲဖြစ်သည်။

အချိန်အတန်ကြာမြင့်ကာမှ မရွှေမှုံ ဆတ်ခနဲ နိုးလာ၏။

"ဟော . . . ငါကိုယ်ပေါ်မှာ ဘာကြီးပါလိမ့်"

မရွှေမှုံ တစ်ယောက်အိပ်ရာမှ နိုးထ,လာသည်နှင့် သူ့ တစ်ကိုယ်လုံးဖုံးအုပ်နေသော ပိုက်ကွန်ကို သတိပြုမိလိုက်သည်၊ သူပိုက်ကွန်ကြီးအောက်တွင် ရောက်ရှိနေပါလားဟူသော အသိ သိရှိလိုက်သည်။

" ဘယ်လိုများပါလိမ့် " ဟူ၍လည်း မရွှေမှုံတွေး သည်။ " ငါ. . .ဘာဖြစ်သွားတာလဲ " ဟု မရွှေမှုံ သူ့ကိုယ်သူ မေးသည်။ မရွှေမှုံတစ်ယောက် အံ့အားတသင့်ဖြစ်သွားသည်မှာ လည်း အမှန်ဖြစ်သည်။

" နေပါအုံး။ ပိုက်ကွန်ထဲကို ငါကဘယ်လိုရောက်ရှိနေ တာလဲ " မရွှေမှုံ မတွေးတတ်တော့၊

" အစောပိုင်းက ငါထမင်းစားပြီး အိပ်လိုက်တုန်းက

ငါကိုယ်ပေါ်မှာ ပိုက်ကွန်ဆို ဘယ်လိုပိုက်ကွန်မှ မရှိတဲ့ဥစ္စာ၊ ငါကိုယ်ပေါ်က ပိုက်ကွန်က ဘယ်လိုများ ငါ့ဆီရောက်လာတာများလည်း၊ ဪ . . . ”

မရွှေမုံ ထိတ်လန့်သွား၏။

“ ပိုက်ကွန်နဲ့ ဖုံးအုပ်ခံထားရတဲ့ငါဟာ မရွှေမုံမှ ဟုတ်မှဟုတ်ပါ့မလား၊ ငါသာ မရွှေမုံဆိုရင် ပိုက်ကွန်နဲ့ ဖုံးအုပ်ခံထားရမှာမဟုတ်တာ၊ အခုငါ . . .မရွှေမုံမဟုတ်လို့ ပိုက်ကွန်နဲ့ ဖုံးအုပ်ခံထားရတာ၊ ဟုတ်ပြီ၊ ငါ . . .မရွှေမုံမဟုတ်ဘူး”ဟု မရွှေမုံအစစ်က ပြောနေသည်။

“ ငါအမှန်တကယ်ပဲ မရွှေမုံအစစ်ပဲလား”

မရွှေမုံအစစ်က သူ့ကိုယ်သူပြန်လည်၍ မေးမြန်းနေလိုက်သည်။ မရွှေမုံအစစ်သည် စိတ်သောကရောက်ရှိသွားလေသည်။

“ ငါအိမ်ပြန်တော့မယ် ”

မရွှေမုံအစစ် ဆုံးဖြတ်ချက်ချလိုက်သည်။ သို့ဖြင့်သူမသည် အိမ်သို့ပြန်သည်။ သူမသည် သူမ၏မိသားစုသို့ သူမအမှန်တကယ်ပင် မရွှေမုံအစစ်ဖြစ်သည် သို့မဟုတ် မဖြစ်သည်ကို သဲကွဲစွာသိရှိရန် မေးမြန်းမည်ဟူ၍စိတ်ကူးထားသည်။

မရှေမုံအစစ်သည် အိမ်သို့ပြန်လည်ရောက်ရှိ၏။ အိမ်ရှေ့တံခါးပိတ်ထားသည်ကို မရှေမုံအစစ်တွေ့မြင်လိုက်လေသည်။

"မရှေမုံ ရှိလား၊ မရှေမုံ"

မရှေမုံအစစ်က အိမ်တံခါးအပြင်ဘက်မှ အသံကျယ်စွာခေါ်သည်။

"ရှိတယ်၊ မရှေမုံရှိတယ်"

အိမ်အတွင်းမှ အသံကျယ်လောင်စွာ ပြောဆိုလိုက်သည်။ မရှေမုံအစစ်၏ ခင်ပွန်းသည်က တိုတိုတောင်းတောင်းဖြေကြားပြောဆိုခြင်းဖြစ်သည်။

"ဟာ . . . အိမ်ထဲမှာ မရှေမုံရှိနေတယ်ဆိုပါလား"

မရှေမုံအစစ် အံ့အားတသင့်ဖြစ်သွား၏။

"နေပါအုံး၊ ဒီအိမ်ရဲ့မရှေမုံဆိုတာ ငါကိုယ်တိုင်ပဲလေ၊ ငါကိုယ်တိုင်က မရှေမုံ အစစ်မှ အစစ်ပဲဟာ၊ ဘယ့်နှယ့်၊ ဘယ့်နှယ် " မရှေမုံအစစ် ကြေကွဲသွား၏။

"ဖြေကြားလိုက်တာကလည်း၊ ငါ့ယောက်ျားအသံပဲ၊ ဘယ်နည်းဘယ်ပုံနဲ့များ မရှေမုံဆိုတာက ဒီအိမ်ထဲအခန့်သားရောက်နေတာများလည်း"

မရှေမုံအစစ် စိတ်ရှုပ်ထွေးသွား၏။ ယင်း၏ နေအိမ်

အရှေ့မှဝမ်းနည်းစွာ ထွက်ခွာလာခဲ့၏။ မိမိ၏နေအိမ်ထဲမှာ မရွှေမှုံ အစစ်သည် သံသယဖြစ်ဖွယ်ပင် မိမိ၏နေအိမ်အရှေ့မှ ပြန်လည်ဆုတ်ခွာရမည်ပဲဖြစ်သည်။

မရွှေမှုံအစစ်သည် ရွာအတွင်းတွင် လှည့်လည်၏။ အချိန်အားဖြင့် နေ့လယ်နေ့ခင်းပိုင်းဖြစ်သည်။ ရွာမလေးအရှေ့တောသူတောင်သား၊ ရွာသူရွာသားအများစုမှာ နံနက်စောစော အချိန်တွင် လုပ်ငန်းခွင်သို့ဝင်ကြရန် အိပ်ရာမှစောစီးစွာ ကြိုတင်ထ,လေ့ရှိကြသည်။

နေ့လယ်နေ့ခင်းအချိန် နေအိမ်တွင်ကျန်ရစ် ခဲ့ကြသူများသည်လည်း ကျောဆန့်ကြ၊ တစ်ရေးတစ်မော အိပ်ကြနှင့်ဖြစ်ကြသည်။

ထိုအခါ ရွာအတွင်းရှိနေအိမ်များသို့ မရွှေမှုံအစစ် လှည့်လည်ရပြန်သည်။

"မရွှေမှုံ တစ်ယောက်ရှိလား"

မရွှေမှုံအစစ်သည် မေးမြန်း၏။ အိမ်တံခါးပင်မဖွင့်၊ အိမ်ထဲမှနေ၍ "မရွှေမှုံ ဒီမှာမရှိဘူး" ဟု ခပ်ပြတ်ပြတ်ခပ်တိုတို ပြောလိုက်သည်။ မရွှေမှုံအစစ် ချာခနဲ လှည့်ထွက်ရသည်။

နောက်အိမ်တစ်အိမ်သို့ ရောက်ရှိပြန်သည်။

"မရွှေမှုံ တစ်ယောက်ရှိလား"

မရွှေမှုံအစစ်က မေးရပြန်သည်။

" မရှိဘူး "

တိုတိုတောင်းတောင်းပင် ဖြေလိုက်သည်ကို ကြားသိရသည်။ မရွှေမှုံအစစ် လှည့်ထွက်လာရသည်။

"မရွှေမှုံ တစ်ယောက်ရှိလား"

အိမ်တစ်အိမ်သို့အရောက်တွင် မရွှေမှုံအစစ်ကမေးသည်။

"မရွှေမှုံဟာ မရွှေမှုံအိမ်မှာပဲရှိမှာပေါ့"

အိမ်အတွင်းမှ စိတ်ဆိုးမာန်ဆိုးဖြင့် ဖြေကြားလိုက်သည်။

"မရွှေမှုံအိမ်မှာ မရွှေမှုံကို သွားမမေးမစမ်းပဲနဲ့ ဘယ်နှယ်၊ မရွှေမှုံကို ဒီအိမ်မှာလာမေးနေရတယ်လို့များ"

မရွှေမှုံအစစ်သည် အိမ်ပေါက်ဝ,မှ သွက်သွက်မြန်မြန် လှည့်ထွက်လိုက်သည်။

"ဟုတ်သားပဲ အဲဒီအိမ်ကပြောတာ"

မရွှေမှုံအစစ် လမ်းခုလတ်တွင် စဉ်းစားမိသည်။

"မရွှေမှုံဆိုတာဟာ မရွှေမှုံရဲ့အိမ်မှာပဲရှိရမှာပေါ့ သူတို့

ပြောတာ မှန်ကန်ပါတယ်၊ ငါကဘယ်လိုကဘယ်လို ”

မရွှေမှုံအစစ် ဗျာဗျာသလဲဖြစ်သွား၏။

“ ငါကိုယ်တိုင်က မရွှေမှုံပဲဟာ ”

မရွှေမှုံအစစ် စဉ်းစားရရှိလာ၏။

“မရွှေမှုံက မရွှေမှုံရဲ့ အိမ်မှာပဲရှိမှာပေါ့၊ သူ့အိမ်မှာပဲ ရှိမှာပေါ့ ငါက မရွှေမှုံမရှိတဲ့အိမ်တွေမှာ မရွှေမှုံရှိလားလို့ သွားမေးနေတာ ငါ့အဖြစ်နှယ်၊ ငါ့အိမ်ငါပြန်မယ်၊ မရွှေမှုံအိမ်ပဲ၊ မရွှေမှုံအိမ်မှာ မရွှေမှုံရှိနေရမှာပေါ့ ”

မရွှေမှုံအစစ်သည် သူ့အိမ်သို့သူတန်းတန်းမတ်မတ် ပြန်ပါတော့မည်ဟု စိတ်ကူးလိုက်သည်။

“ရွာထဲမှာ မရွှေမှုံအိမ်ရှိတယ်၊ အဲဒါငါ့အိမ်ပဲ”

သို့သော် လက်တွေ့တွင် မရွှေမှုံသည် သူ့အိမ်သို့ သူ မပြန်ဖြစ်သေးပေ။

“ငါ့မှာအလုပ်ရှိသေးတယ်၊ အလုပ်ရှိသေးတယ်၊ စိုက်ခင်းကို ရှင်းရလင်းရအုံးမယ် ယောက်ျားကခိုင်းထားတယ်”

မရွှေမှုံ ပြန်လည်သတိရရှိသွားသည်။

“ဟော . . . ထမင်းချိုင့်လည်း ငါ့မှာပြန်မပါလာဘူး”

မရွှေမှုံ စိုက်ခင်းရှိရာသို့ သုတ်ခြေတင်သည်။ စိုက်ခင်း

ရောက်ရှိသော် မောပန်းနေ၏။

" ထိုင်ပြီး အပန်းဖြေနေလို့မဖြစ်သေးဘူး။ အချိန်ရှိခိုက် လှုံ့လစိုက်ရမယ်တဲ့၊ ကိုယ့်ကိုယ်ကို သက်သောင့်သက်သာနဲ့ နေလို့မဖြစ်ဘူး အလုပ်နဲ့ လက်နဲ့မပြတ်မှ၊ ကြားထဲမှာ တွေဝေနေလို့ မဖြစ်ဘူး"

မရွှေမှုံစိုက်ခင်းအတွင်းတွင် လုပ်ငန်းစ,သည်၊ အလုပ်နှင့် လက်နှင့် မပြတ်မလပ်တော့ပေ၊ စိုက်ခင်းအောက်ခြေတစ်လျှောက်တွင် သန့်သန့်ပြန့်ပြန့်ဖြစ်သွား၏။ အရွက်အနွမ်းအခြောက်များ ရှင်းလင်းသွားသည်။ မရွှေမှုံသည် သူ့မျက်နှာပြင်ပေါ်မှ ချွေးစက်ချွေးပေါက်ကိုပင် မသုတ်အားတော့ပေ။ အလုပ်နှင့် လက်နှင့်မပြတ်၊

"မရွှေမှုံ . . ."

နာမည်ခေါ်သံကြားလိုက်ရသည်၊ မရွှေမှုံ အသံလာရာသို့ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်၏။

"ဟော . . . . ယောက်ျားပါလား"

မရွှေမှုံ အံ့အားသင့်ဟန်ဖြစ်သွား၏။ သူမ,၏ယောက်ျားကို တွေ့လိုက်ရသည်။

"ယောက်ျား လိုက်လာတယ်တော့"

မရွှေမှုံ ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ မျက်နှာဝင်းပ, သွား၏။

" မရွှေမှုံ အလုပ်နားလိုက်တော့၊ နေဝင်တော့မယ်၊ ပြန်ကြပါစို့ " ယောကျ်ားဖြစ်သူ ပြောပြောဆိုဆိုထမင်းချိုင့်ကို ကိုင်ဆွဲရင်း၊ သူ့ထံသို့ တန်းတန်းမတ်မတ်လာနေသည်ကို မရွှေမှုံ တွေ့မြင်လိုက်လေသည်။

အနားရောက်ရှိသော " ပြန်ကြစို့ " ဟု ခင်ပွန်းသည် က ပြောပြောဆိုဆို မရွှေမှုံ၏ လက်တစ်ဘက်ကို တင်းတင်းဆွဲ သည်။ ရှေ့ကဦးဆောင်ခြေလှမ်းကြဖြင့် လျှောက်လှမ်းသည်။

"မရွှေမှုံ နေ့တစ်နေ့မှာ လုပ်ရမဲ့အလုပ်တွေရှိလာရင် ဘယ်လိုအလုပ်ကို ဦးစားပေးလုပ်သင့်သလဲဆိုတာ ပထမဆုံး သတ်မှတ်လိုက်ရမယ်၊ သတ်မှတ်တဲ့အတိုင်း မပျက်မကွက်ပြီးစီး အောင်လုပ်ရမယ် မရွှေမှုံ၊ ပြီးစီးမှ ကျန်ရှိတဲ့အလုပ်တွေ ဆက် တိုက်လုပ်ရတယ်ကွဲ့၊

ဒီနေ့ မရွှေမှုံ ဦးစားပေးလုပ်ရမဲ့အလုပ်က စိုက်ခင်းမှာ သန့်ရှင်းရေး ဆောင်ရွက်စရာရှိတာတွေ ဆောင်ရွက်ရမှာကွဲ့"ဟု ခင်ပွန်းသည်က အိမ်သို့ပြန်အရောက်အေးဆေးစွာ အနားယူ ညှိဦးအချိန်တွင် စကားစမြည်ပြောကြစဉ် ထည့်သွင်းပြောပြ

ရဦးမည်ဟူ၍ ခင်ပွန်းသည်က တေးမှတ်ထားလိုက်သည်။

ယနေ့ မရွှေမှုံခံစားရသည့်အခြေအနေများမှာ၊ နေ့တစ်နေ့တွင် ဦးစားပေးလုပ်ကိုင်ရမည့်အလုပ်ကို မလုပ်မကိုင်ဘဲ အဆင့်ကျော်လုပ်ကိုင်မိသည့်အတွက် ကမောက်ကမဖြစ်လာခဲ့ရကြောင်း "ချိုတုံချတုံ မရွှေမှုံ" သဘောပေါက်ကောင်းပါရဲ့။

* * * * *

# နွားနို့တစ်ခွက်

တစ်ရံရောအခါကဖြစ်သည်၊ ဇနီးမောင်နှံနှစ်ဦးရှိခဲ့၏။ တောသူတောင်သားများဖြစ်ကြသည်။ တောင်သူလယ်သမားများလည်းဖြစ်ကြသည်။

ဇနီးမောင်နှံနှစ်ဦးသည် လုပ်ငန်းတစ်ခုလုပ်ကိုင်ကြမည် ဆိုပါလျှင် လင်နှင့်မယားဆိုးတိုင်ပင်ကောင်းတိုင်ပင်ပြုမြဲနှင့်အညီ တစ်ဦးနှင့်တစ်ဦးဖွင့်ဟ ပြောဆိုမှုပြုသည်၊ အသိပေးတိုင်ပင်မှုပြုသည်။

သို့ရာတွင် အပြီးသတ်ဆုံးဖြတ်ချက်မချမှတ်နိုင်ကြပေ၊ ဖွင့်ဟပြောဆိုသော်ငြားလည်း အကောင်အထည်ပေါ်မလာခဲ့ပေ၊ မည်သည်ကိုလုပ်ကိုင်မည်ဟူ၍ ကြံရွယ်ကြသော်ငြား အရှားရှား

သွားတတ်ကြသည်။ ဇနီးမောင်နှံနှစ်ဦးသည် သို့နှယ်အတန်း အစားဝင်ဖြစ်ကြသည်။

* * *

တစ်နေ့မှာဖြစ်သည်။ ဇနီးမောင်နှံနှစ်ဦးသည် အိမ်ရှေ့ခန်းတွင် အေးအေးလူလူထိုင်နေကြသည့်အခိုက်မှာဖြစ်သည်။

"ကျွန်မ,မှာ အကြံအစည်တစ်ခုရှိတယ်ယောက်ျား" ဇနီးသည်က ကောက်ကာငင်ကာ ပြောလိုက်သည်။

"အကြံအစည်တစ်ခုဟုတ်လား။ ဘာများပါလိမ့် မိန်းမရယ်"

ခင်ပွန်းသည်က စဉ်းစားသည့် ဟန်ဖြင့်မေးပြောပြောသည်။

"အကြီးအကျယ်ကြီးမဟုတ်ပါဘူးရှင်"ဟု ဇနီးသည်က အေးဆေးစွာပြော၏။

"နွားမတစ်ကောင် ဝယ်ယူရင်ကောင်းမလားလို့ပါ"

"ဟာ . . . ကောင်းတာပေါ့။ သိပ်ကောင်းတာပေါ့"

ခင်ပွန်းသည်က တိုက်တွန်းပြောလိုက်သည်၊ စိတ်ပါလက်ပါစွာဖြစ်သည်။

"နွားမ,တစ်ကောင် ဝယ်လိုက်စမ်းပါ မိန်းမ . . . ပြော်" ဟု ခင်ပွန်းသည်က တစ်စုံတစ်ရာစဉ်းစားမိသည့်ဟန်ဖြင့် ပြောသည်။ ငွေဘယ်မှာလဲ နွားမ,တစ်ကောင်ကို ဝယ်လို့ရအောင် ငွေက ဘယ်မှာလဲမိန်းမ ဘယ်ကရမှာလဲ"

"ငွေ . . . "ဟု ဇနီးသည်သည်လည်း ပြောလိုက်သည်။

" ရှင်ပြောတာ မှန်ပါတယ် "

ဇနီးသည်က ဝန်ခံပြော ပြောသည်။

" ကျွန်မ,က နွားမ,ကို ဝယ်ချင်တာပဲ သိတာ၊ အင်း ငွေလိုတယ် ဟုတ်တယ်၊ ငွေလိုတယ်"

"ငွေ ဘယ်က ရမှာလဲ"

ခင်ပွန်းသည်က မေးမေးပြောပြောပြုသည်။

"ရှင်ကလည်း အကြံတုံးဉာဏ်ဟုံးလိုက်တာ" ဇနီးသည်က အပြစ်တင်သည့်ဟန် ပြောသည်။

"ငွေရပေါက် ရလမ်း စဉ်းစားအုံးမှပေါ့၊ ရေဗိတ်စပါး ပြောရက်လိုက်တာ ရှင့်နှယ်"

"နွားမ,တစ်ကောင်လုံးဖိုးအတွက် ရုတ်တရက် စဉ်းစား မရလို့ပါမိန်းမ၊ နွားမ,ကဈေးကြီးမယ်၊ ငွေလိုမယ်၊ လိုတာမှ

တော်တော်ကို လိုလာမယ်”

“ အဲဒီအထိကတော့ ရှင်ပြောမှလား”

ဇနီးသည်က စိတ်အလိုမကျဖြစ်ရသည်။

“ ကိုရေခဲတုံးကြီး ” ဟု ဇနီးသည်က စိတ်ထဲက ပြောလိုက်သည်။ ခင်ပွန်းသည် ဆိတ်ဆိတ်နေနေလိုက်သည်။

“ ဒီလိုလုပ်ကြည့်မယ် ”

ဇနီးသည်က အကြံဉာဏ်ရရှိလာသကဲ့သို့ ဖျိုးဖျိုးဖျတ်ဖျတ်ပြောသည်။

“ ဆိုပါအုံး မိန်းမ ”

ခင်ပွန်းသည်က နားစွင့်သည်။

“ကျွန်မ,ရပ်ထဲရွာထဲသွားပြီး တစ်အိမ်တက်ဆင်း သူတို့ အိမ်အလုပ်တွင် ဝိုင်းဝန်းကူညီလုပ်ပေးမယ်၊ ရေထမ်းပေးမယ်၊ ထင်းခွဲပေးမယ်ပေါ့၊ ကြုံရာကျပန်းပေါ့ယောက်ျား။ ဒါ်နီးဆယ်ကတော့ အဲဒီလိုအိမ်တွေမှာ ဟိုအလုပ်ဒီအလုပ်အိမ်ရှင်လိုအပ်တာမျိုးလုပ်ပေးရင်းနဲ့ ကျွန်မ,ရှာဖွေမယ်လေ”

ဇနီးသည်က သူငွေရှာမည့်အစီအစဉ်ကို အကြမ်းဖျင်းမျှပြောပြသည်။ သူ့စိတ်ကူးနဲ့သူတော့ ဟုတ်နေသားပဲ”ဟု၍လည်း ခင်ပွန်းသည်တွေးသည်။

မိတ်ဆွေစာပေ

"ကဲ . . . ထားပါတော့ မိန်းမ,က အဲ့ဒီရပ်ထဲရွာထဲမှာ အလုပ်သွားလုပ်တော့ ဒင်္ဂါးဘယ်လောက်များရရှိလာမလဲလို့ ထင်မှတ်ထားလို့လဲ"ဟု ယောက်ျားဖြစ်သူကမေး၏။

"ဒင်္ဂါးငါးဆယ်ပြားလောက်တော့ ရနိုင်လိမ့်မယ်လို့ ကျွန်မ,ခန့်မှန်းထားပါတယ် ယောက်ျား"

"ဟား . . . ဟား . . . ဟား . . ."

ခင်ပွန်းသည်က ဇနီးသည်၏စကားအဆုံးတွင် ရယ်သွမ်းသွေးလိုက်၏။

"ဒင်္ဂါးငါးဆယ်ပြားတဲ့လားမိန်းမ၊ ပြက်လုံးတွေလာမပြောနေစမ်းပါနဲ့၊ ရယ်မိမှာမဟုတ်ဘူး"

"ရှင်ဘာပြောတာလဲ"

ဇနီးသည်က ငေါက်ဆတ်ဆတ်ပြောလိုက်သည်။

"ဘာပြောရမလဲ ဒင်္ဂါးပြားပေါင်းငါးဆယ်လောက်နဲ့များ၊ နွားမ,တစ်ကောင်ဝယ်ခြင်းဘို့ မင်းစိတ်ကူးတာကိုပြောတာပါ မိန်းမ"

"ကျွန်မ,ဒီလောက်အထိမတုံးသေးဘူး မအ,သေး ဘူး ယောက်ျား၊ ဒင်္ဂါးငါးဆယ်ပြားလောက်နဲ့ နွားမ,တစ်ကောင် ဝယ်လို့မရနိုင်ဘူးဆိုတာ ကျွန်မ,အဆင်းသိအတွင်းသိပါရှင့်၊ အဲ့ဒါ

ရှင်က၊ ကျွန်မ,စကားဆုံးအောင်များ နားထောင်လိုက်စမ်းပါ အုံးတော့လား"

"ကဲ . . . ဆိုပါအုံး မယ်မင်းကြီးမ . . ."

"ကျွန်မ လက်ထဲမှာ ဒင်္ဂါးပေါင်းငါးဆယ်ပြားလောက် ရရှိလာပြီးဆိုရင် ကျွန်မ,ဘက်ကဆွေမျိုးတွေထံသွားပြီး လက်ဖြန့်တောင်းမယ်၊ ဒင်္ဂါးငါးဆယ်ပြားပေါင်းရရှိလာတဲ့အထိပေါ့ ပြီး ဒင်္ဂါးငါးဆယ်ပြားကို သပ်သပ်ချေးမယ်၊ အတိုးမဲ့ပေါ့၊ အတိုးမဲ့ မချေးနိုင်ဘူးလို့ဆိုလာရင်လည်း အတိုးပေးမယ်ပေါ့၊ သက်သာတဲ့ အတိုးနှုန်းနဲ့ပေါ့ရှင် အဲဒီတော့ ကျွန်မ,အစွမ်းအစ,လောက်နဲ့ နွားမ,တစ်ကောင်ဝယ်ခြမ်းနိုင်ဘို့ရှာဖွေနိုင်တာကတော့ စုစုပေါင်း ဒင်္ဂါးတစ်ရာ့ငါးဆယ်ပေါ့၊ လောက်ငှမှာမဟုတ်သေးဘူး၊ လိုအပ် အုံးမယ်"

ခင်ပွန်းသည် ခေါင်းညိတ်သည်။

"ဒီလိုတော့လည်း ငါ့မိန်းမက အရှာအဖွေ တော်မပေ သားပဲ"ဟု ခင်ပွန်းသည်က စိတ်ထဲမှာ ပြောနေမိသည်။

"လေထဲမှာတိုက်အိမ်ဆောက်တာမျိုးတော့ မဖြစ်ပါစေ နဲ့"

"ရှင်ကတော့ အိမ်ထောင်ဦးစီးရယ်လို့ ဝင့်ဝင့်ကြွား

ကြွားဆိုပြီအခုအထိ နွားမတစ်ကောင်ဝယ်ဘို့ငွေမလောက်သေး ဘူးဆိုတာ အလွယ်ကလေးသိကောင်းပါရက်နဲ့ ဆိတ်ဆိတ်နေ နိုင်ရက်လိုက်တာ၊ အံ့ပါရဲ့"

ဇနီးသည်က အပြစ်တင်သည်။ ခင်ပွန်းသည် မခံချိ မခံသာဖြစ်ရသည်။

"ငါလည်းစဉ်းစားနေတာပါပဲဟာ"ဟု ခင်ပွန်းသည် လေသံပျော့ပျော့ဖြင့်ပြောသည်။

"အရေးထဲကျ အကြံတုံးဉာဏ်တုံးနေတော့တာပဲ" ဟု ဇနီးသည်က ဆက်လက်မြည်တွန်တောက်တီး၏။

"ဒီလို လုပ် . . ."ဟု ဇနီးသည်က ဆောင့်ကြီးအောင့် ကြီးဖြင့်ပြောလာသည်။ ခင်ပွန်းသည်နားစွင့်၏။

"ကျွန်မလည်းလိုတဲ့ငွေကို ကျွန်မ ဆွေမျိုးတွေဆီက ခဏာလှည့်ထားမယ်၊ ရှင့်ဘက်မှာလည်း ဆွေမျိုးအသိုင်းအဝိုင်းနဲ့ ပဲဟာ၊ သူတို့ဆီသွားပြီးချဉ်းကပ်ပေါ့ရှင်၊ ဒင်္ဂါးပြားငါးဆယ်ရ အောင် ချေးတန်ချေး၊ တောင်းသင့်တောင်းပေါ့၊ ကျွန်မက ဒီ လောက်အထိရှင့်ကို အသေးစိတ်လိုက်ပြောနေရတယ်၊ အဲဒီ လောက်တောင်အဖြစ်မရှိဘူးလား"ဟု ဇနီးသည်ကပြော၏။

ခင်ပွန်းသည်စိတ်တိုရသည်။ သူ၏မာနကို ထိခိုက်လာ

သည့်အတွက်လည်းဖြစ်သည်။

"ကောင်းပြီလေ"

ခင်ပွန်းသည် စိတ်ချုပ်တည်းစွာပြောသည်။

"မင်းပေးလာတဲ့ အကြံဉာဏ်အတိုင်းပဲဖြစ်စေမှာပါ"

ဇနီးသည်သဘောကျသွား၏။ ဇနီးသည်ပြုံးယောင်ယောင်ဖြစ်လာသည်။

ခင်ပွန်းသည် နှုတ်ဆိတ်နေလိုက်သည်။ တစ်စုံတစ်ရာကို စူးစိုက်စွာစဉ်းစားနေသည့်ဟန်လည်းရှိသည်။ အတန်ကြာမှ မြွှင့်သွား၏။

"အို နွားမ,ဝယ်ပြီးရင်သားကျရင် နွားနို့ရလာမှာမိန်းမ" ခင်ပွန်းသည်က စိတ်ပါဝင်စားစွာပြောသည်။

"ဟုတ်တယ်ယောက်ျား"

ဇနီးသည် ခေါင်းညိတ်သည်။

"နွားမ,မှာ နွားနို့ရလာမယ်"

"နွားနို့က နေ့စဉ်ညစ်လို့ရလာမှာကွဲ့၊ တနကျလိုက်တာ၊ ဟန်ကျလိုက်တာ"

"အဲ့ဒါမျိုးကျ ယောက်ျားကသတိရလိုက်တာ"

"နွားနို့သောက်ရမှာကိုးကွဲ့၊ ငါကညှစ်လို့ရလာတဲ့ နွားနို့

အားလုံးသောက်မယ်၊ နေ့စဉ်သောက်မယ်၊ တစ်စက်မျှ မကျန်ရစ်အောင် သောက်မယ်''

ခင်ပွန်းသည်က အားပါးတရပြောသည်။

''မသောက်ရဘူး၊ တစ်စက်မျှတောင်မသောက်ရဘူး''

ဇနီးသည်စိတ်ဆိုးစွာပြောလိုက်သည်။ သူမ,၏အသံမှာ သိသာစွာ မာကျောခက်ထန်သွား၏။

''နွားနို့သောက်ဖို့လောက်ပဲ နားလည်တဲ့၊ သိတဲ့ ယောက်ျား''

''ဘာကွ . . .''

''ရှင်ဟာ နွားနို့သောက်တာလောက်ပဲသိရှိတဲ့လူ''

''မင်းအဲ့ ဒီလိုရင့်ရင့်သီးသီးမပြောနဲ့''

ခင်ပွန်းသည်၏အသံမှာ ကျားတစ်ကောင်ဟိန်းသည့်နှယ်ဖြစ်သည်။

'' ပြောတယ် ''

ဇနီးသည်က မာရေကျောရေဖြင့် တုံ့ပြန်သည်။

''ရှင်က တစ်ထွာလောက်ပဲသိတဲ့လူစား၊ ဘယ့်နှယ့်နွားမ, ဝယ်နိုင်ဘို့ သူများတွေဆီက ချေးထားတောင်းထားတာတွေကိုတော့ ပြန်ဆပ်ဖို့ပြန်ပေးဖို့ဆိုတာလောက်ကိုတောင်

နည်းနည်းမျှသတိမရဘူး၊ နေ့စဉ်နွားနို့အကုန်သောက်ဖို့ပဲ ရှေ့တန်းတင်တယ်၊ ရှင့်အသိက ဒီလောက်ပဲ''

''ငါက နွားနို့ကြိုက်တယ်၊ မိန်းမနေ့တိုင်းသောက်မှာ ပဲ''

''ရှင်နွားနို့တစ်စက်မှ မသောက်ရဘူး။ တစ်စက်မျှ မကျန်ကျွန်မ,အကုန်ရောင်းစားမယ်''

''မင်းသဘောအတိုင်း မင်းလုပ်လို့ဘယ်ရမလဲ''

''လုပ်မယ် အဲ . . . ကျွန်မ,သေသွားရင်တော့ နွားမ, ဆီက ညှစ်လို့ရရှိလာသမျှ နွားနို့တွေကို ရှင်ဆန္ဒအတိုင်း နေ့တိုင်း သောက်ပေါ့ရှင်''

''ဘာ''

ခင်ပွန်းသည်၏ အသံကျယ်လောင်သွား၏။ ဒေါသ ပေါက်ကွဲ၏။ လက်ဖြင့်ဇနီးသည်ကို ခပ်ပြင်းပြင်းရိုက်ပုတ် လိုက်၏။ ဇနီးသည် သည်လည်း သူမ,၏အသားထိလာသည့် အခါ ခင်ပွန်းသည်သို့ တုံ့ပြန်လိုက်သည်။ သူတစ်ပြန် ကိုယ် တစ်ပြန်ဖြစ်ကြသည်။ အသားထိခိုက်နာကျင်လာသည့်အခါ တစ်ယောက်နှင့်တစ်ယောက် ဆတ်ဆတ်ထိမခံနိုင်ဖြစ်လာ ကြသည်။

အမှန်တကယ် နွားမ ဝယ်ဖြစ်ရန်မှာ မည်သည့်လ, မည်သည့်နှစ်မှာမှန်းမသိ။ နွားမ,တစ်ကောင်ဝယ်ယူနိုင်ရန်မှာ လောလောဆယ်တွင် သူတို့ဇနီးမောင်နှံမှာ ဒင်္ဂါးတစ်ပြားတစ်ချပ် မျှပင်မရှိ၊ သူတို့ဇနီးမောင်နှံနှစ်ဦးနွားမ,နှင့် ဆက်စပ်၍အချင်း များကြသည့်အဖြစ်သာလျှင် အဖတ်တင်ကျန်ရစ်ခဲ့ရခြင်းပဲဖြစ် သည်။ နွားမ,က ဘယ်ဆိုဘယ်ဝယ် ဘယ်သောင်ဘယ်ကမ်းမှာ တူ၍မှန်းဆ၍ပင် မရရှိနိုင်ပါပေ။

* * * * *

# အာမခံ

တစ်ခါကဖြစ်သည်၊ ရွာတစ်ရွာတွင်ဖြစ်သည်။ လယ်သမားတစ်ဦးရှိသည်။ လယ်သမားတွင်သားတစ်ယောက် ရှိသည်။ သားသည် လည်လည်ဝယ်ဝယ်မရှိပေ။

တစ်နေ့တွင်ဖြစ်ပါသည်။ ဖခင်သည်မြို့သို့သွားရောက်ရန် ကိစ္စတစ်ခုပေါ်လာ၏။ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြောဆို ဆောင်ရွက်ပါမှ ပြီးစီးနိုင်သည့် ကိစ္စလည်းဖြစ်သည်။ ထို့ကြောင့် ကိုယ်တိုင်ကိုယ်ကျသွားရောက်ရမည့်အနေအထားဖြစ်လာသည်။

"သား . . . ဒီနေ့ ဖေဖေအိမ်မှာမရှိဘူး။ မြို့ကိုသွားရမဲ့ကိစ္စပေါ်လာတယ်၊ ကိစ္စက နေ့ချင်းပြီးစီးချင်မှ ပြီးစီးမယ်၊ တစ်ရက်နှစ်ရက်မျှလောက် ကူးချင်ကူးမယ်သား။ ပြောတော့

မပြောနိုင်သေးဘူး၊ သားက ဖေဖေမရှိတုန်း တခြားနေရာတွေကို မသွားနေနဲ့၊ အိမ်ကမခွာနဲ့၊ အဲ . . . ပြီးတော့ နွားတွေကိုလည်း ကြည့်ထားအုံး၊

ဖခင်သည် သားဖြစ်သူသို့ စိတ်မချနိုင်စွာ တတွတ်တွတ်ဖြင့် မှာကြားစရာရှိသည့်တို့ကို အလောတကြီးမှာကြားနေ၏။

"ဪ . . ."

ဖခင်သည်တစ်ခုခုကိုကောက်ကာငင်ကာ သတိရရှိသလို ဖြစ်သွားသည်။

"ပြောစရာတွေကများလို့ တကယ့်အရေးကြီးတဲ့မှာကြားစရာကိုတောင် မမှာကြားရသေးဘူး၊ မေ့မလို့ တော်ပါသေးရဲ့"

" ဘာများပါလိမ့် အဖေ"

သားဖြစ်သူသည် ဖခင်သို့ ဆတ်ခနဲ ခေါင်းမော့ကြည့်မိသည့်အထိ ဖြစ်ရသည်။ မည်သည့်မှာ ကြားဖွယ်ရာရှိနေပါလိမ့်ဟု တွေးသည်။ သားသည်စိတ်ဝင်တစားဖြစ်သွားသည်။

" ဟိုရက်တွေတုန်းက အဖေတို့အိမ်ကို နွားအရောင်းအဝယ်လုပ်မဲ့သူတွေ ဝင်လိုက်ထွက်လိုက်လုပ်လာကြတာ သားသတိပြုမိတယ် မဟုတ်လား" ဟု ဖခင်က သားဖြစ်သူသို့

မေးမေးပြောပြောပြုသည်။

" ဟုတ်တယ်၊ သားတွေ့တယ်အဖေ "

သားဖြစ်သူ ခေါင်းတညိတ်ညိတ်ဖြစ်သည်။

"အဲဒါ အဖေတို့နွားတွေကိုလာကြည့်ကြတာသားရဲ့"

"ဘာဖြစ်လို့ ကျွန်တော်တို့ နွားတွေကို လာဖြည့်ကြရတာလဲအဖေ"

" နွားဝယ်မလို့ပေါ့သား "

" အဖေက နွားရောင်းမလို့လား"

ဖခင်က ခေါင်းဆတ်ခနဲ ညိတ်လိုက်၏။

" ဘာဖြစ်လို့ ရောင်းမှာလည်း အဖေ"

သားဖြစ်သူက မေးမေးပြောပြောပြုသည်"

" ငွေလိုလို့ပေါ့ "

ဖခင်က တိုတောင်းစွာ ဖြေလိုက်သည်၊ သားကို ဂဃနဏရှင်းပြမနေချင်တော့ပေ၊

" နွားဘယ်နှစ်ကောင် ရောင်းမှာလဲအဖေ"

ဖခင်ကနှုတ်ဖြင့်ပြောမနေ၊ လက်သုံးချောင်းထောင်ပြသည်။

သားဖြစ်သူ နားလည်သိရှိသွားသည်။

" အဖေ စိတ်ချသွားမယ်သား"

ဖခင်က စိတ်မဖြောင့်စွာပြောသည်။ သားဖြစ်သူ၏ သဘောသဘာဝကို ဖခင်က နှောကျေစွာသိရှိပြီးသားဖြစ်သည်။ သူ၏သားက အူတူတူ အတတ

"ကဲ . . . သားသွားပြီ၊ ဩော် . . . မေ့တော့မလို့ နွားသုံးကောင် ဒင်္ဂါးသုံးရာပြားသား" ဖခင်သည် သားကို နှုတ်ဆက်အိမ်မှခွာသည်။ မြို့သို့သွားသည်။

* * *

ဖခင်သည်ကိစ္စဖြင့် မြို့သို့ရောက်ရှိနေစဉ် နောက်တစ်နေ့တွင်ဖြစ်သည်။ နံနက်ခင်းမှာ ဖြစ်သည်။ အိမ်သို့ လူစိမ်း တစ်ယောက်ရောက်ရှိလာသည်။ သားဖြစ်သူ မသိမကျွမ်း၊ မျက်မှန်းတန်းမိသူမဟုတ်ရပေ၊

ခြံတံခါးကို တွန်းဖွင့်ဝင်လာသောလူစိမ်းကို သားဖြစ်သူသည် စူးစမ်းစွာကြည့်နေမိသည်။

" ဘယ်သူများပါလိမ့် " ဟူ၍လည်း သားဖြစ်သူတွေးသည်။ လူစိမ်းသည် အိမ်ပေါ်သို့ ရောက်ရှိလာသည်။

" ဘယ်သူလဲ၊ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ "

သားဖြစ်သူက အလောသုံးဆယ်မေးသည်။

"နွားအရောင်းအဝယ်လုပ်တဲ့သူပါ။ နွားလာဝယ်တာ" ထိုလူစိမ်းက ယင်းလာရင်းကိစ္စကို ပြောပြသည်။

"ဪ . . ."

သားဖြစ်သူသည် ၎င်း၏ဖခင်မြို့သို့ သွားမည့်ဆဲဆဲ၊ မှာကြားစရာရှိသည့်တို့ကို မှာကြားခဲ့ရာတွင်၊ နွားရောင်းဝယ်ရေးကိစ္စကို ထည့်သွင်းပြောကြားခဲ့သည်ကိုလည်း သတိရရှိလိုက်သည်။

"ဘယ်နှကောင် ဝယ်မှာလဲ ခင်ဗျာ"

သားဖြစ်သူက မေးမြန်းလိုက်သည်။

"သုံးကောင်"ဟု နွားဝယ်မည့်သူက ပြောသည်။

"အင်း . . . . ဟုတ်တယ် အဖေလည်းပြောခဲ့တယ်"

ဟု သားဖြစ်သူက သတိရရှိလိုက်သည်။

"နွားခြံကို သွားမယ်" ဟု သားဖြစ်သူက ပြောပြောဆိုဆိုရှေ့မှ ဦးဆောင် နွားခြံသို့သွားသည်၊ နွားဝယ်မည့်သူ လိုက်သွား၏။

သားဖြစ်သူသည် အဖေမှာကြားခဲ့သည့် ကိစ္စကို အဖေမရှိလိုက်တွင် အပီအပြင် ဆောင်ရွက်နိုင်စွမ်းရှိခဲ့ကြောင်းကိုလည်း

ဝင့်ကြွားပြသလိုပေသည်။

နွားခြံအတွင်းတွင် နွားငါးကောင်မျှရှိနေ၏။ နွားဝယ်မည့်သူသည် နွားငါးကောင်ကိုတစ်ကောင်ချင်း အသေးစိတ်စစ်ဆေးသည်၊ ကြည့်ရှုသည်၊ သားဖြစ်သူက စောင့်ဆိုင်းနေ၏။

"ဒီနွားသုံးကောင် ယူမယ်ဗျာ"

နွားဝယ်မည့်သူက တစ်ကောင်ချင်းလက်ညှိုးထိုးပြလိုက်သည်။ ထို့နောက်နွားသုံးကောင်ကို ခြံအပြင်ဘက်သို့မောင်းနှင်ထုတ်လိုက်သည်။

"ကဲ . . . နွားသုံးကောင်ဗိုး၊ တစ်ကောင်ကို ဒင်္ဂါးပြားတစ်ရာ၊ နွားသုံးကောင် ဒင်္ဂါးပြားသုံးရာဗျာ"

သားဖြစ်သူက သူ့အဖေမှာကြားသွားခဲ့သည့် နွားအရောင်းဈေးနှုန်းကို ဒိုးဒိုးဒေါက်ဒေါက်ပြောချလိုက်သည်။

"ဈေးနှုန်းက သင့်တင့်လျောက်ပတ်ပါတယ်၊ သူ့ဘက်ကိုယ့်ဘက် ရောင်းသူဝယ်သူနှစ်ဦးအကြားမျှတပါတယ်"

နွားဝယ်သူက ကျေနပ်စွာပြောသည်။

"တစ်ကောင်ချင်း သတ်မှတ်ရောင်းဈေးကိုလက်သင့်ခံပါတယ်"

နွားဝယ်သူက ပြောပြောဆိုဆို နွားသုံးကောင်ကို ဆွဲ

ယူသွား၏။ ခြေလှမ်းသည်လည်း သွက်သွက်မြန်မြန်ရှိလှသည်။

သားဖြစ်သူသည် နွားသုံးကောင်နှင့်အတူ ထွက်ခွာသွားသော နွားဝယ်သူကို ငေးမောကြည့်ရှုနေလိုက်သည်။

"အဖေရဲ့ နွားတွေက ကြန်အင်လက္ခဏာတွေနဲ့ ပြည့်စုံလို့နဲ့တူပါတယ်၊ ဝယ်သူကပြောတဲ့ဈေးနှုန်းအတိုင်းနဲ့ပဲ၊ တစ်ပြားတစ်ချပ်မျှလောက်အောင်ဈေးလျှော့ပေါ့ပါလို့ မပြောမဆိုဘူး။ ဈေးပြောပြီးတာနဲ့ယူသွားတော့တာပါပဲ၊ နွားသုံးကောင်စလုံးကို ကြိုက်လွန်းလို့နဲ့တူပါရဲ့"

သားဖြစ်သူတွေးတော ကျန်ရစ်ခဲ့၏။

"ဟာ . . ."

သားဖြစ်သူကောက်ကာငင်ကာ သတိရရှိလိုက်သည်။

"ဒီနွားဝယ်ယူသွားသူနှင့် ဝယ်ယူသွားသော နွားသုံးကောင်သည် ခပ်လှမ်းလှမ်းသို့ရောက်ရှိနေသည်ကို၊ သားဖြစ်သူ တွေ့ မြင်လိုက်သည်။

"ပိုက်ဆံမပေးဘာမပေးပဲနဲ့၊ နွားတွေကိုဆွဲခေါ်သွားတယ်" သားဖြစ်သူ ပြောပြောဆိုဆို နွားဝယ်သူသွားသူနောက်သို့ အမီလိုက်သည် နွားဝယ်သွားသူသည် ခြေလှမ်းသွက်လက်မြန်ဆန်သည်ဟူ၍ ဆိုရပေကာမူ နွားသုံးကောင်ကို ဆွဲခေါ်နေရ

သည့်အတွက်၊ သူ၏ခြေလှမ်းသည် လိုအပ်သည်ထက် ပိုမို မသွက်မလက်လှပါပေ၊

"ဒီမှာ . . . ဒီမှာ . . . နွားဖိုးပိုက်ဆံ နွားဖိုးပိုက်ဆံ"

နွားဝယ်ယူသည့်သူအနီးသို့ ရောက်ရှိလိုက်သည်နှင့် သားဖြစ်သူသည် အော်ဟစ်တောင်းလိုက်လေသည်။

"ဩော် . . . ဟုတ်ပေသားပဲ၊ ငါကလည်း နွားဖိုး ပိုက်ဆံမပေးမချေရသေးဘဲနဲ့ နွားသုံးကောင်စလုံး ဆွဲယူ လာခဲ့တဲ့အဖြစ်"

နွားဝယ်ယူသူက သူ့ကိုယ်သူအပြစ်တင်ရှိလိုက်သည့် ဟန်ဖြင့် တဗျစ်တောက်တောက် ပြောလိုက်လေသည်။

" ဒီလိုမဖြစ်သင့်ပေဘူး"

နွားဝယ်ယူသူသည် သူ့ကိုယ်သူအပြစ်ပုံချလိုက်သည်။

"အားနာစရာဗျာ"

နွားဝယ်ယူသူသည် ပြောပြောဆိုဆို သူ၏အင်္ကျီအိတ် ထဲသို့ လက်နှိုက်လိုက်သည်။

"ဟော . . . နွားဝယ်ယူချင်ဇောနဲ့အိမ်က ကမန်း ကတန်းထွက်လာလိုက်တာ၊ ပိုက်ဆံတောင်တစ်ပြားတစ်ချပ်မျှ ပါမလာပါလား နွားကို တခြားဝယ်မဲ့သူက လက်ဦးအောင်

ဝယ်ယူသွားတော့မယ်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ အိမ်က အလျဉ်စလို ထွက်လာလိုက်လို့ဗျာ၊ ကျုပ်အိတ်ထဲ နွားပိုးချေဖို့ ပိုက်ဆံ မထည့်မိလာခဲ့တာ အခုမှပဲသိရတယ်ဗျာ၊ အားနာလိုက်တာ၊ နွားသုံးကောင်ဝယ်ပြီး ပိုက်ဆံမပေးမချေနိုင်တဲ့အဖြစ်"

သားဖြစ်သူသည် နွားဝယ်သူထံမှ နွားသုံးကောင်ကို ဆွဲယူလိုက်သည်။

"ဟာ . . . နွားတွေကိုတော့ ပြန်မယူပါနဲ့ဗျာ"

နွားဝယ်သူက တောင်းတောင်းပန်ပန်ပြောသည်။

"ကျုပ် စိတ်ကြိုက်စစ်ဆေးရွေးယူထားတဲ့ နွားသုံးကောင်ဗျာ၊ ကျုပ်အဲ့ဒီနွားတွေကို ငွေမချေနိုင်လို့ ထားခဲ့ရမယ်ဆိုရင်၊ တခြားက နွားဝယ်မဲ့သူတွေ ဝယ်သွားတော့မှာပဲဗျား ပိုင်ရှင်ရယ်"

"ဒီလိုဆိုခင်ဗျာ နွားပိုးပိုက်ဆံပေးခဲ့ပေါ့"

"ကျုပ်ပြောပြီးပါပကော၊ အခုလောလောဆယ် ပိုက်ဆံတစ်ပြားတစ်ချပ်မျှပါမလာလို့ပါလို့၊ ကျုပ်နွားသုံးကောင်နဲ့ ကျသင့်ငွေကို ဆက်ဆက်လာပေးပါ့မယ်၊ အခုနွား သုံးကောင်ကိုတော့ ယူသွားပါရစေ"

နွားဝယ်သူက အတင်းအကျပ်ပြောသည်။

"ကျွန်တော် နွားဖိုးပိုက်ဆံလာပေးပါ့မယ်"

"ခင်ဗျား ပိုက်ဆံလာပေးမယ်ဆိုတာ ကျွန်တော် မယုံကြည်ဘူး"သားဖြစ်သူသည် တွင်းတွင်းပြောလိုက်သည်။ မှန်ပါသည် သူစိမ်းတစ်ရံသန် နွားဝယ်လာသူ နွားသုံးကောင်ကို ပိုင်ပိုင်နိုင်နိုင်ယူဆောင်သွားပြီးမှတော့ မည်သည့်ကို ထောက်ထားယုံကြည်ရပါမည်နည်း။

"ကျုပ် နွားတွေကိုကြိုက်တယ်ဗျာ"

နွားဝယ်သူက ထပ်မံပြောပြန်သည်။

"ဟုတ်ပါပြီ၊ နွားဘိုးပိုက်ဆံကိုတော့ ပေးရမှာပေါ့"

"ပေးပါ့မယ်"

"ပေးလေ"

"ပြောပြီးပါပကောလား။ အခုပါမလာသေးလို့ပါ ကျုပ်လာပေးမယ်" နွားဝယ်လာသူသည် ပြောရင်းဆိုရင်းပင် တစ်စုံတစ်ရာကို အလျင်စလို စဉ်းစားနေသည့်ဟန် ရှိနေသည်။

"လာပေးမယ်ဆိုတာကို ကျွန်တော်ဘက်က ဘယ်လိုယုံကြည်ရမှာလဲ"

"ဟုတ်တယ်၊ အဲ့ဒါခင်ဗျားပြောတာမှန်တယ်၊ ကျုပ်သဘောပေါက်တယ် " နွားဝယ်လာသူက ချက်ချင်းပင် ဝန်ခံ

ပြော ပြောသည်။

"ဒီလိုလုပ်ဗျာ"

သားဖြစ်သူက နွားဝယ်လာသူမည်သို့ပြောလာမည်ကို နားစိုက်နေလိုက်သည်။

"ကျုပ် ငွေလာပေးမယ်ဆိုတာ ခင်ဗျားယုံကြည်အောင် အာမခံတစ်ခုထားရစ်ခဲ့မယ်ဗျာ၊ ဘယ့်နှယ့်လဲ"

"အာမခံ ထားရစ်ခဲ့မယ်"

သားဖြစ်သူက သေချာမှုရှိစေရန် ထပ်မံမေးသည်။ နွားဝယ်လာသူက ဆတ်ခနဲခေါင်းညိတ်သည်။

"ဟုတ်တယ် အာမခံ"

"ဘယ်လို အာမခံလဲ"

အလွန်မေးသင့်သောမေးခွန်းဖြစ်သည်။ သားဖြစ်သူကမေးသည်။ မေးရန်လည်း လိုအပ်လှပါသည်။

"ဟုတ်တယ် မေးရမယ်"ဟုပင် နွားဝယ်သူက သဘောတူစွာပြောသည်။

နွားဝယ်လာသူက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဒီလိုပါ။ ကျုပ်အာမခံထားရစ်ခဲ့မှာက ကျုပ်အခုဝယ်မဲ့ နွားသုံးကောင်ထဲက နွားတစ်ကောင်ကိုပဲ အာမခံအဖြစ်ထားခဲ့

ရမယ်၊ ကျုပ်က နွားသုံးကောင်ဝယ်ယူငွေချေမှာကို လောလော ဆယ် နွားနှစ်ကောင်ပဲယူသွားမယ်၊ အိမ်ရောက်လို့ နွားသုံး ကောင်ဖိုးပိုက်ဆံယူအပြီး ပြန်လာမှ အာမခံထားရစ်ခဲ့တဲ့ နွား တစ်ကောင်ကိုပြန်ယူမယ်၊ ဘယ့်နှယ်လဲ ကျုပ်အာမခံ၊ နွား သုံးကောင်ဖိုး အမှန်အကန်ပိုက်ဆံချေပြီးသားလည်း ဖြစ်နေပြီ”

နွားရောင်းသူသားဖြစ်သူသည် အလွန်လွယ်ကူစွာ နားလည်သဘောပေါက်သည့်ဟန် ဖြစ်သွား၏။

“ဟုတ်သားပဲ၊ သူနွားသုံးကောင်ဝယ်မဲ့ဟာ၊ အခု နွား နှစ်ကောင်ထဲပဲ ယူဆောင်သွားတယ်၊ တစ်ကောင်ကို အာမခံ အနေနဲ့ ထားရစ်ခဲ့မယ်၊ မှန်တယ်၊ နွားဝယ်တဲ့သူ အစီအစဉ်မှန် တယ်၊ သုံးကောင်ဖိုးပိုက်ဆံအကုန်အစင် ငါရပြီးမှ အာမခံထား ရစ်ခဲ့တဲ့ ကျန်နွားတစ်ကောင်ကို ယူဆောင်သွားရှာမှာပဲ”

နွားရောင်းသူသားဖြစ်သူ နားလည်သိရှိစွာ ခေါင်းညိတ် လိုက်သည်။ သဘောတူပြီပေါ့။

နွားဝယ်သူသည် သူရွေးချယ်ထားသော နွားသုံး ကောင်အနက် နွားတစ်ကောင်ကို ထားရစ်ခဲ့၏။ ကျန်နွား နှစ်ကောင်ကိုဆွဲယူသွား၏။

* * *

နွားဝယ်သွားသူသည် မည်သည့်အခါမှာမှ နွားရောင်းသူ သားအဖထံသို့ တစ်ဖန်ပြန်လည်ရောက်ရှိလာတော့ပေ။

* * * * *

မိတ်ဆွေစာပေ

# အချက်ပြ

တစ်ခါကဖြစ်ခဲ့သည်၊ တောတစ်တောအတွင်းမှာ ဖြစ်သည်။ တောကောင်တစ်ကောင်နှင့် ငှက်တစ်ကောင်တို့သည် အကြောင်းတစ်ခုဖြင့် ရန်သူဖြစ်သွားကြသည်။ ရန်သူဖြစ်သွားကြသူနှစ်ဦးတွင် တောကောင်သည် ဝက်ဝံဖြစ်၏။ ငှက်သည် သစ်တောက်ငှက်ဖြစ်၏။ ဝက်ဝံနှင့် သစ်တောက်ငှက်သည် တစ်ကောင်နှင့်တစ်ကောင်ကြည့်မရစွာ ရန်ငြိုးရန်ဖက်များ ဖြစ်သွားကြသည်။

"ငှက်စုတ်ငှက်နာ"

ဝက်ဝံက သစ်တောက်ငှက်သို့ ရင့်ရင့်သီးသီးပြောသည်။

"အစာစားရဘို့အရေး သစ်ပင်ကို နှုတ်သီးအားကိုးနဲ့ တောက်လိုက်ဖေါက်လိုက်နဲ့ ပိုးကောင်ကလေးတွေကို ရှာဖွေစားသောက်ရတဲ့အကောင်ကများ။ ကြီးကြီးကျယ်ကျယ်လုပ်လို့ မမှုပေါင်"

သစ်တောက်ငှက် မခံချိမခံသာဖြစ်ရသည်။ သူတို့သစ်တောက်ငှက်အမျိုးအစားသည် မာကျောသော နှုတ်သီးကို အစာရှာဖွေစားရန် သဘာဝက ပုံဖေါ်ပေးထားသည်ပဲ၊

"အဲ့ဒါဘာဖြစ်သလဲ၊ ဘာဖြစ်သလဲ"

သစ်တောက်ငှက်က ဝက်ဝံသို့ချေပသည်။

"မင်းတို့ဝက်ဝံတွေကကော၊ အရုပ်ဆိုးဆိုး အမွေးတထူထူထဲထဲ၊ ခြေသည်းချွန်ချွန်ထက်ထက်နဲ့ ပုံမလာပန်းမလာ၊ ခြေလေးချောင်းကောင်၊ တောရိုင်းကောင်၊ မြေပြင်ပေါ်မှာပဲ တွင်ကျယ်နိုင်တဲ့အကောင်၊ ကောင်းကင်ကို ပျံတက်နိုင်ဖို့ဆိုတာ အိပ်မက်ထဲမှာတောင်ထည့်မမက်နိုင်တဲ့ အကောင်ကများ။ ယှဉ်လာသေးတယ်၊ ပျင်းတယ်။

ဝက်ဝံနှင့်သစ်တောက်ငှက်တို့သည် တစ်ကောင်နှင့်တစ်ကောင်မာန်စောင်နေကြ၊ မာန်မဲနေကြဖြစ်နေကြသည်။ တစ်ကောင်နှင့်တစ်ကောင် အခဲမကြေဖြစ်နေကြသည်။

"ဟော့ကောင်ဝက်ဝံနက်၊ မင်းကိုငါစိတ်ခေါ်တယ်"

သစ်တောက်ငှက်သည် ဝက်ဝံနှင့်အရွယ်အစားအား ဖြင့် နိုင်းနှိုင်းရပါသော် သေးသေးငယ်ငယ်မျှသာဖြစ်သည်။ သို့သော် စိတ်ကြီးသည်။

"မင်းကိုငါတိုက်ခိုက်ချေမှုန်းမယ်၊ နိုင်အောင်တိုက်မယ်၊ စစ်ပွဲတစ်ပွဲလို့ဆိုရရင် ငါမင်းကိုစစ်ကြေညာလိုက်တာပဲ ဝက်ဝံနက် . . ."

"ဟား . . . ဟား . . . ဟား . . ."

ဝက်ဝံသည် အူလှိုက်သည်းလှိုက်ရယ်မောလိုက်သည်။ ဝက်ဝံ၏ရယ်သံသည် တောအတွင်းတွင် ကျယ်လောင်ပျံ့နှံ့သွားသည်။ ပန်းပွင့်များပေါ်တွင်ရှိနေကြသော လိပ်ပြာများသည်ပင် လျှင် ရုတ်ခြည်းပျံပြေးသွားကြသည်။ သည်းထိတ်ရင်ဖို လန့်ဖျပ် သွားကြသည့်ဟန်တူပါရဲ့။

"ဘယ့်နှယ် . . . ဘယ့်နှယ်၊ ပြက်လုံးတွေလာထုတ် နေပါလိမ့်၊ မလောက်လေးမလောက်စားအကောင်ကများ။ သစ် တောက်ငှက်ကနောရယ်၊ စိန်ခေါ်တယ်ဆိုတာ ကိုယ့်ဆီမှာ စွမ်းအား သတ္တိဘယ်လောက်ရှိတယ်ဆိုတာများ အရင်ဆန်းစစ်လိုက်ပါ အုံး၊ နောက်လှည့်ကြည့်လိုက်တာ တစ်ယောက်မှမရှိလို့

တုတ်ပေ့ ဖြစ်နေပါအုံးမယ်၊ တူတန်မှ ငါကယှဉ်ချင်တာ၊ နို့မို့ရင်သွဲ့ က မလှမပနဲ့ တစ်တက်သပ်ဖြစ်နေပါအုံးမယ် သစ်တောက်ငှက် ”

တကယ့်အခြေအနေတွင် ဝက်ဝံတွင်လည်း အင်အားရှိသည်။ သစ်တောက်ငှက်၏နောက်တွင်လည်း အင်အားရှိသည်။ ဝက်ဝံ၏နောက်တွင် တောတွင်းတွင် ကျက်စားနေထိုင်ကြသော သားရဲတိရစ္ဆာန်များအားလုံးပဲဖြစ်သည်။

“ဒီသစ်တောက်ငှက် သူ့နှုတ်သီးချွန်ချွန်အားကိုးနဲ့ စိန်ခေါ်တယ်၊ တိုက်ခိုက်မယ်လို့ ကြုံးဝါးနေတာများ တို့တော ကောင်သားကောင် ခြေလေးချောင်းအကောင်တွေအောက်မှာ စိစိညက် ညက်ကြေသွားမှာ မြင်ယောင်သေး၊ ရေရှိတဲ့နေရာတို လည်း လွှတ်မယ်ထင်ပြီးရှောင်မပြေးနေနဲ့ အဲဒီမှာ တို့ဘက်တော် သားတွေ အသင့်အနေအထားနဲ့ နေရာယူထားပြီးကြပြီ၊ မိကျောင်းတို့ ရေမြွေတို့ ငါးမန်းတို့ ရေဘဝဲတို့တစ်တွေပေါ့” တု ဝက်ဝံက မထီလေးစားပြောသည်။

သစ်တောက်ငှက်၏ အင်အားတွင် အတောင်ရှိတာ၊ တောင်ပံခတ်ပျံသန်းနိုင်သော ငှက်အမျိုးအစားအားလုံး။ အင်းဆက် ပိုးမွှားအမျိုးအစားအားလုံးပါဝင်နေ၏။

မိုးတိမ်ဆွေစာပေ

"ဟော့ . . . ဝက်ဝံအကောင်၊ မင်းရဲ့အင်အားဝင်တွေက မြေပြင်မှာ၊ ရေပြင်ထဲမှာပါ။ အဲ့ဒီလောက်ပဲ တွင်ကျယ်နိုင်တာလောက်များကွာ၊ အကြီးအကျယ်ဖြစ်နေလိုက်တာ၊ မင်းရဲ့ဘက်တော်သားတွေက ကောင်းကင်ကိုမော့ကြည့်ရုံပဲ မော့ကြည့်နိုင်တာပါ။ ဒီလောက်အဆင့်ရှိရုံမျှနဲ့တော့ ငါနဲ့ငါ့ အပေါင်းပါတွေကို မယှဉ်စမ်းနဲ့ပျင်းတောင်ပျင်းသေးတယ်။

ငါတို့တစ်တွေက ကောင်းကင်ပေါ်ကို ပျံတက်လိုပျံတက်၊ ဆန်တက်လို ဆန်တက်နိုင်တဲ့အကောင်တွေကွကောင်းကင်ခရီးကို ကျွမ်းကျင်နေတဲ့ ငါတို့တစ်တွေကို တိုက်ခိုက်အုံးမတဲ့၊ ဖြစ်ရလေ၊ ဖြစ်ရလေ၊ အတုံးအရုံးနဲ့ ကျဆုံးကုန်မှာမြင်ယောင်သေးတော့ သနားတယ်။ "

ဝက်ဝံနှင့်ဝက်ဝံအင်အားစုကတစ်ဘက်၊ သစ်တောက်ငှက်နှင့်သစ်တောက်ငှက်အင်အားစုကတစ်ဘက်၊ တစ်ဘက်နှင့်တစ်ဘက်သည် ရန်စောင်မှုအနေအထားပြင်းထန်လာ၏။

* * *

"သစ်တောက်ငှက်နဲ့သူ့ဘက်တော်သား ငှက်တွေဟာဘာမျှဟုတ်ဟုတ်ညားညားရှိလှတာမဟုတ်ဘူး။ မလောက်လေး

မလောက်စားတော့ပါ။ ဒါပေမဲ့ ဒီမဟုတ်မဟတ်အကောင် ပိစိကွေးတွေက ငါတို့ကို ပြန်လည်တိုက်ခိုက်ဖို့ အခွင့်အစတော့ ရှိတယ်ဆိုတာ တို့တစ်တွေသတိထားရမယ်”ဟု ဝက်ဝံက သူ့ဘက်မှ ပါဝင်လိုက်ပါတိုက်ခိုက်မည့်သူများကို သတိပေးထား၏။

“အချိန်မရွေးတိုက်ခိုက်လာနိုင်တယ်၊ အားလုံးအသင့်အနေအထားရှိကြ ”

တောအတွင်းတွင် အချိန်မရွေး ရင်ဆိုင်တိုက်ခိုက်မည့် အခြေအနေရှိနေ၏။ ဝက်ဝံဘက်ကတစ်ဘက်၊ သစ်တောက်ငှက်ဘက်က တစ်ဘက်လိုက်ပါကြသည့် အင်အားဝင်အသီးသီးတို့သည်လည်း တစ်ကောင်နှင့်တစ်ကောင် မျက်ခြည်မပြတ်ရှိနေကြသည်။ တစ်ကောင်နှင့်တစ်ကောင် အကဲခတ်နေကြသည်။ တင်းတင်းမာမာရှိနေကြသည်။

“တိုက်ခိုက်တော့မယ်နဲ့တူတယ်၊ ပြန်တိုက်မယ်၊ အသေအကြေပဲ”ဟူ၍လည်း သူ့ဘက်ကိုယ့်ဘက်တစ်ကောင်နှင့်တစ်ကောင်ဟန်အပြင်ပြင်နှင့် ဖြစ်နေကြသည်။

သစ်တောက်ငှက်နှင့်ယင်း၏အင်အားဝင်များသည်လည်း ကောင်းကင်ပြင်သို့ ပျံဝဲပျံတက်နိုင်သည့် စွမ်းပကား

ကိုယ်စီရှိကြသည့်အားလျော်စွာ၊ သူတို့တစ်တွေ အားအင်ကိုယ်စီရှိကြသော ဝက်ဝံနှင့်ဝက်ဝံဘက်တော်သားများကိုမှူကြပေ၊

"ငါတို့ကကောင်ကင်ခရီးမှာ ပျံသန်းနိုင်တဲ့ အနေအထားနဲ့ ဝက်ဝံနဲ့သူ့အပေါင်းပါတွေဘက်ကို ဝင်ဆန့်ပြီး သတင်းအချက်အလက်တွေယူနိုင်တယ်ကွ"

သစ်တောက်ငှက်က အားပါးတရပြောသည်။

"အဲ့ဒါတို့ဘက်က တစ်ပန်းသာနေတယ်၊ ထောက်လှမ်းရေးလုပ်နိုင်တယ် ဟိုအကောင်စုတ်တွေ မလုပ်နိုင်ဘူး"

"ဟုတ်တယ်"

ကျီးကန်းက ထောက်ခံပြောပြောသည်။

"ဝက်ဝံနဲ့သူ့အကောင်တွေ ဘာတွေ ဘယ်လိုစီစဉ်နေကြတယ်ဆိုတာ အလွယ်ကလေးသိနိုင်ယ်၊ အဲဒီအခွင့်အလမ်းတို့ဘက်မှာ ရာခိုင်နှုန်းအပြည့်ရှိတယ်ဟေ့"

အမောက်ကားပြီး နှုတ်သီးချွန်မြသော တောင်ဘီလူးငှက်က တက်ကြွစွာပြောသည်။

" မှန်တယ်၊ ထောက်လှမ်းရေး လုပ်နိုင်တယ်၊ အထောက်တော်တွေ တစ်ကောင်ပြီး တစ်ကောင်တောင်အဆက်မပြတ် လွှတ်နိုင်သေးတယ်"

ပုစဉ်းက ပါးပါးလှပ်လှပ်ရှိသော သူ၏အတောင်ပံကို ခါးတိုက်ဖြန့်ကားကာ ပြောသည်။

"မင်းတို့ပြောတာတွေမှန်တယ်၊ ဒီလိုလုပ်မယ်"

သစ်တောက်ငှက်က ရုတ်တရက် အကြံတစ်ခုရရှိလာသည့် ပုံပန်းဖြင့်ကောက်ကာ ငင်ကာပြောသည်။

"ဟိုဘက်က အခြေအနေသိအောင် သူလျှိုလွှတ်မယ်"

"လုပ်သင့်တယ်"

• ဗိုးခေါင်ငှက်က အသံကျယ်စွာပြောသည်။

"ဘယ်သူ့ကို လွှတ်မလဲ"

သစ်တောက်ငှက်က မေးမေးပြောပြောကြသည်။

"အကောင်အရွယ်အစားကြီးမားတယ်ဆိုရင် ဟိုဘက်က ထင်သာမြင်သာဖြစ်လွယ်တယ်"

"အဲဒီလိုလည်း ဖြစ်နိုင်တယ်"ဟု မယ်ညိုငှက်ကပြောသည်။

"စကားဖြတ်ပြောရအုံးမယ်၊ မယ်ညိုငှက်တို့၊ တောင်ငှက်တို့ မင်းတို့တစ်တွေက ရေအိုင်တို့ ရေစပ်စပ်တို့ရှိတဲ့နေရာမှာ အနေများကျက်စားတတ်ကြတာ၊ သတိမလွှတ်စေနဲ့ မိကျောင်းရန်ရှိတယ်၊ မိကျောင်းက ဝက်ဝံဘက်က"

သစ်တောက်ငှက်က အရေးကြီးဟန်စကားဖြတ်ပြော သည်။ သူသည်သူ့ဘက်တော်သားများအတွက် စိုးရိမ်၏။

"ကဲ . . . သူလျှို လွှတ်ဖို့ဆက်လက်စဉ်းစားကြ"

သစ်တောက်ငှက်က ပြန်လည်သတိပေးလိုက်သည်။

"ကျုပ် သူလျှိုအဖြစ် တာဝန်ထမ်းဆောင်မယ်"

တစ်ထောင့်တစ်နေရာတွင်ရှိနေသော ခြင်တစ်ကောင် က ရုတ်တရက်ပြောလိုက်သည်။

"ကျုပ်ကိုယ်ကျုပ်သူလျှိုအဖြစ် ကျုပ်သဘောနဲ့ကျုပ် အဆိုပြုပါတယ်"

"တော်ပါပေတယ်ဗျာ"ဟု ဇီးကွက်ကချီးမွမ်းသည်။

"တာဝန်ယူရဲတဲ့ စိတ်ဓာတ်ကိုတော့ လေးစားတယ်"

"အောင်မြင်ပါစေဗျာ"

သစ်တောက်ငှက်က သဘောတူလက်ခံလိုက်သည်။

"သူလျှိုတစ်ယောက်အနေနဲ့ ပီပြင်ပါစေ"

သို့ဖြင့် ခြင်သည် သစ်တောက်ငှက်တို့အင်အားဘက်မှ သူလျှိုတစ်ယောက်ဖြစ်လာသည်။ ခြင်သည် သူလျှိုတစ်ဦးအဖြစ် တာဝန်ကျေပါသည်။

ခြင်သည် အရေးကြီးသတင်းတစ်ခုကို ဝက်ဝံအုပ်စု

အနီးအပါးသို့ ထိုးဖောက်ရောက်ရှိရယူနိုင်ခဲ့၏။ သတင်းမှာ မြေခွေးတစ်ကောင်နှင့် စပ်လျဉ်းသည့်သတင်းပဲဖြစ်သည်။

မြေခွေးသည် ဝက်ဝံ၏ ဘက်တော်သားဖြစ်သည်။ ဝက်ဝံ၏ အင်အားဝင်လည်းဖြစ်သည်။

"ကျုပ်ဝက်ဝံဘက်က တိုက်ပွဲနဲ့ပတ်သက်တဲ့ လှုပ်ရှားမှု သတင်းတစ်ခုရခဲ့တယ်"ဟု ခြင်က ယင်း၏တာဝန်ထမ်းဆောင်မှုကိုပြောပြ၏။

ခေါင်းဆောင်သစ်တောက်ငှက်နှင့် နောက်လိုက်နောက်ပါ ငှက်များ အင်းဆက်ပိုးမွှားကောင်များက စိတ်ဝင်စားစွာရှိသွားကြသည်။ မှန်ပါသည်။ မိမိတို့နှင့် ယှဉ်ပြိုင်နေရသည့် တစ်ဘက်အင်အားစု၏ တိုက်ပွဲနှင့်ဆက်စပ်သည့် သတင်းကို ထောက်လှမ်းရယူနိုင်ခဲ့သည့်အဖြစ်မှာ၊ သစ်တောက်ငှက်ဦးဆောင် အင်အားအသိုက်အဝန်းအတွက် ထိရောက်မှုပဲ ဖြစ်ပါသည်။

"ဝက်ဝံဘက်က မြေခွေးတစ်ကောင်ရဲ့ သတင်းဆိုပါလား"ခေါင်းဆောင်သစ်တောက်ငှက်သည် ထောက်လှမ်းရရှိလာသော သတင်းအရင်းမြစ်၏ အရေးပါသည့် အခြေအနေကို ရိပ်စားမိလိုက်သည်။ တစ်ဘက်နှင့် တစ်ဘက်တင်းမာနေသည့်

အချိန်အခါသို့ ရောက်ရှိနေပြီလည်းဖြစ်သည်။ ထောက်လှမ်း ရရှိလာသော သတင်းသည် အရေးပါပါသည်။

"မြေခွေးက ဝက်ဝံနဲ့သူတို့ ဘက်တော်သားတွေကို စုစည်းပြီးအသေးစိတ်ပြောပြနေတာ"

ခြင်ကသူရရှိလာသောသတင်းနှင့် ယင်းသတင်းကို မည်သို့မည်နှယ်ရရှိလာခဲ့သည်ကို ပြန်လည်သတင်းပို့ပြောပြ နေခြင်းလည်းဖြစ်သည်။

"ကျုပ်ကိုတော့သူတို့တစ်တွေ ဂရုမပြုမိကြပါဘူး၊ ကျုပ်ကအရွယ်အစားအားဖြင့် သေးငယ်တာကိုး၊ ဂရုတောင်ပြုမိ ကြမှာမဟုတ်ပါဘူး၊ ပြီးတော့ ဝက်ဝံရဲ့ဘက်တော်သားတွေ အားလုံးက ဆင်တွေ၊ ကျားတွေ၊ ခြင်္သေ့တွေ၊ ကျားသစ်တွေ၊ ကုလားအုတ်တွေ၊ ကြည့်စမ်း၊ ဘယ်လောက်များ အားအင်ကြီး မားသန်စွမ်းကြတဲ့ တောကောင်တွေဆိုတာ၊ အဲ့ဒါသူတို့အနီး အပါးကျုပ်ရောက်သွားတာတောင် ဖုတ်လေတဲ့ငါးပိရှိတယ်လို့ တောင် ထင်မှတ်မှာမဟုတ်ဘူး၊ သူတို့က အားအင်သန်စွမ်း ကြီးမားကြတဲ့တောကောင်တွေ၊ ကျုပ်ကပိစိကွေး၊ ဒီတော့ မြေခွေးက တိုက်ပွဲစတင်ဖြစ်ပွားလာတဲ့အချိန်မှာ သူဘယ်လို စစ်ရေးစစ်ရာတွေကို အသေးစိတ်ညွှန်ကြားပြောဆိုမယ်ဆိုတာ

တွေကို ကျုပ်က မြေခွေးရဲ့နားရွက်အနောက်နားမှာပဲ ပုန်းလျှိုးကွယ်လျှိုးနဲ့နားနေရင်း အသေးစိတ်သိရှိခဲ့ရတယ်၊ တကယ့်ကို အသေးစိတ်ပါပဲ'' ဟု ခြင်ကပြောသည်။

''ပြီးတော့ ကျုပ်သိရှိခဲ့ရတာတစ်ခုက တိုက်ပွဲနှင့် ဆက်နွယ်ပြီး မြေခွေးဟာ ဝက်ဝံတွေဘက်က အရေးပါတဲ့သူ ဖြစ်နေတယ်ဆိုတာပဲ၊ တခြားမဟုတ်ဘူး မြေခွေးဟာ ညွှန်ကြားသူတစ်ယောက်ဖြစ်နေတယ်''

ခြင်သည်စကားကို ရှည်ဝေးစွာပြောဆိုနေခဲ့ရာမှ စကားကိုဖြတ်လိုက်သည်။ ခဏမျှပဲဖြစ်သည်။ သူ့စကားကို ပြန်လည်၍ ဆက်မည်ဟုပြင်ဆင်နေစဉ်မှာပင်

''ဟုတ်ပြီ . . .''

သစ်တောက်ငှက်က အားပါးတရပြောလိုက်သည်။

'' ထိရောက်တဲ့ သတင်းအချက်အလက်တွေပဲပြော . . .'' သစ်တောက်ငှက်က ပြောရင်းဆိုရင်း သတိရှိလိုက်သည်။

''ဟို . . . ညွှန်ကြားပေးသူဆိုတဲ့ မြေခွေးက ဘာတွေဘယ်လိုညွှန်ကြားတာလဲ၊ သိရှိခဲ့တယ်မဟုတ်လား''

ခြင်သည် သွက်သွက်မြန်မြန် ခေါင်းညိတ်၏။

"ကျုပ်ပြောမှာပါ။ မြေခွေးဆိုတဲ့အကောင်ညွှန်ကြားနေတာက . . ."ဟု ခြင်သည် သူထောက်လှမ်းရရှိလာသော သတင်းအချက်အလက်ကိုဆက်လက်ပြောသည်။

"မြေခွေးပြောတာက သူ့မှာ အမြီးတစ်ချောင်းရှိနေပါတယ်တဲ့၊ အဲ့ဒီသူ့အမြီးမှာ အမွေးအမျှင်ထူထူထဲထဲရှိနေပါတယ်တဲ့၊ သူ့ရဲ့အမြီးအရောင် အဆင်းဟာ အနီရောင်ပါတဲ့၊ အဲ့ဒီအနေအထားတွေကြောင့် သူ့ရဲ့ အမြီးကိုအဝေးလှမ်းလှမ်းကနေပြီးတော့တောင် ထင်သာမြင် သာဖြစ်ရပါတယ်တဲ့၊ အဲဒ့ါကြောင့်တိုက်ပွဲဖြစ်ပွားတဲ့နေ့မှာ သူဟာသူ့ရဲ့အမြီးကို သူတို့ဘက်က ဘက်တော်သားတွေ သိရှိအောင် အချက်ပြကိရိယာတစ်ခုအနေနဲ့ သူအသုံးပြုပြသမယ်တဲ့၊ တကယ်လို့သူ့ရဲ့အမြီးဟာ ဖြောင့်တန်းနေမယ်၊ တည့်မတ်နေမယ်ဆိုရင် တိုက်ပွဲအခြေအနေ အရပ်ရပ် အန္တရာယ်ရှင်းလင်းတယ်တဲ့၊ အားလုံးရှေ့ကို ဆက်လက်တက်လာကြတော့တဲ့၊ အမြီးတည့်မတ်နေတာဟာ အဲ့ဒီအဓိပ္ပာယ်အချက်ပြလိုက်တာပါပဲတဲ့၊

တကယ်လို့ သူ့ရဲ့အမြီးဟာ အောက်ဘက်ကို စိုက်ချထားရှိမဲ့ပုံပန်းကိုအချက်ပြလိုက်မယ်ဆိုရင် ရှေ့ကိုဆက်လက်ချီတက်လာဖို့ အခြေအနေမကောင်းဘူး၊ ရန်သူ့ရဲ့ဗိုင်းရံဆို့ပိတ်တာ

ကို မလွဲမသွေခံရဖို့ရှိတယ်ဆိုတာကိုသိစေဘို့ အချက်ပြလိုက်တာပါပဲတဲ့၊ အဲ . . . အမြီးကိုအောက်စိုက်ချထားလိုက်မယ်ဆိုရင်တော့ ရှေ့ကိုဆက်လက်မတက်လာကြနဲ့တော့၊ နောက်ကြောင်းပြန်လှည့်ကြတော့၊ အပြန်ဆုံးဆုတ်ခွာကြတော့ဆိုတဲ့ အဓိပ္ပာယ်ကိုဖော်ဆောင်တဲ့ အချက်ပြမှုပါပဲတဲ့၊ အဲဒီလို ညွှန်ကြားပေးသူအဖြစ် တာဝန်ယူထားတဲ့ မြွေခွေးကအသေးစိတ်ချိတ်ဆက်လုပ်ထားတာကို ကျုပ်အသေအချာသိရှိခဲ့ရတာတွေပါပဲ"ဟု ခြင်သည်သူ၏ထောက်လှမ်းရရှိခဲ့မှုကို အဆုံးသတ်လိုက်သည်။

"တာဝန်ကျေပါပေတယ်ဗျာ"

ခြင်၏စကားအဆုံးတွင် သစ်တောက်ငှက်သည် အားပါးတရပြောလိုက်လေသည်။

"အင်မတန်ထိရောက်တဲ့ သတင်းအချက်အလက်တွေပါပဲ၊ တစ်ဘက်ကဝက်ဝံနဲ့သူရဲ့နောက်လိုက်နောက်ပါတွေရဲ့ တိုက်ပွဲမှာ လှုပ်ရှားတဲ့ အခြေအနေကို ကြိုတင်သတင်းရရှိလိုက်တာပါပဲ၊ တို့အောင်ပွဲခံရမှာပါ"

"အောင်ပွဲခံရမယ် . . .အောင်ပွဲခံရမယ် . . . အောင်ပွဲခံရမယ်"သစ်တောက်ငှက်၏နောက်လိုက်နောက်ပါငှက်များနှင့်

အင်းဆက်ပိုးမွှားများထံမှ တစ်ကြွေးသံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

ငှက်များ၊ အင်းဆက်ပိုးမွှားများသည် တစ်ဘက်ရန်သူ ဝက်ဝံနှင့်သူ၏အပေါင်းအပါများအပေါ်၊ ယှဉ်ပြိုင်တိုက်ခိုက် အနိုင် ရရှိမည်ဟူ၍ကျိန်းသေတွက်ဆ,ထားရှိပြီလည်းဖြစ်သည်။

"ဝက်ဝံရဲ့အကြံပေးမြေခွေးထံက နောက်ဆုံး သိရှိ လိုက်ရတဲ့ သတင်းအချက်အလက်တစ်ခု ကျုပ်ရရှိခဲ့ပြန်တယ် အရေးကြီးတဲ့ နောက်ဆုံးရသတင်း"

ခေါင်းဆောင်သစ်တောက်ငှက်အပါအဝင် အင်အားဝင် ငှက်အမျိုးအစားအများအပြားနှင့် အင်းဆက်အားလုံးပြိုင်တူ ဆတ်ခနဲခေါင်းမော့လိုက်ကြရသည့်အထိဖြစ်ရသည်။ သူတို့ အားလုံး၏အကြည့်သည် သတင်းပေး ခြင်ကောင်အပေါ်သို့ ဖျိုး ခနဲ ဖျတ်ခနဲရောက်ရှိသွားကြရသည့်အထိလည်းဖြစ်ရပြန်သည်။

"အရေးကြီးတဲ့နောက်ဆုံးရသတင်းတဲ့"

ခေါင်းဆောင်သစ်တောက်ငှက်နှင့် အပေါင်းပါများသည် နားတစွင့်စွင့်နှင့် ရှိနေကြသည်။

"အကြံပေးမြေခွေးက အကြံပေးလိုက်တယ်၊ ဝက်ဝံနဲ့ သူ့အဖွဲ့ဝင်တွေအားလုံး၊ မနက်ဖြန်မွန်းတည့်ချိန်မှာ တစ်ပြိုင်နက်

ထိုးစစ်ဆင်ကြရမယ်တဲ့”တုခြင်ကနောက်ဆုံးရသတင်းကို အပြည့်အစုံပြောလိုက်သည်။ နေ့နှင့်အချိန်အတိအကျပဲဖြစ်သည်။

“မနက်ဖြန် မွန်းတည့်ချိန်မှာ ထိုးစစ်ဆင်တော့မတဲ့”

သစ်တောက်ငှက်နှင့်သူ၏ဘက်တော်သားများအားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြသည်။

အချိန်အားဖြင့်လည်း နီးကပ်နေပြီ လည်းဖြစ်သည်။ ပြန်လည်တုံ့ပြန်ရမည်ဖြစ်သည်။

တစ်ဘက် ရန်သူကစတင်၍ ထိုးစစ်ဆင်တော့မည် မဟုတ်လား။ အညံ့မခံနိုင်ပါ။ ငှက်များအားလုံး၊ အင်းဆက်ပိုးမွှားများအားလုံး၊ မနက်ဖြန် မွန်းတည့်ချိန်တွင် ရောက်ရှိလာမည့်ထိုးစစ်ကိုရင်ဆိုင်တုံ့ပြန်ရန် တာဝန်ကိုယ်စီရှိနေကြပြီပဲ၊ နိုင်အောင် တုံ့ပြန်ရမည်၊ တိုက်ခိုက်ရမည်ပဲ၊

“အောင်ပွဲရရမယ်”

သစ်တောက်ငှက်က ကြုံးဝါးလိုက်သည်။

“ဒီဝက်ဝံစုတ်နဲ့ သူ့ဘက်ကလိုက်ပါကြတဲ့ သူတွေဟာ ပုံပန်းသွင်ပြင်အနေအထားတွေ ကြီးမားကြတာပဲရှိပါတယ်၊ မှု လောက်စရာမရှိပါဘူး ကျုပ်တို့က အလုံးအထည်သေးပေမဲ့ ဒါဟာအားငယ်စရာမဟုတ်ပါဘူး”

"မှန်တယ် ခေါင်းဆောင်သစ်တောက်ငှက်၊ မှုလောက်စရာမရှိပါဘူး ကျုပ်တို့တစ်တွေ ပိစိကွေးတွေဖြစ်နေကြပေမဲ့ စိတ်ဓာတ်ကတော့ ပိစိကွေးမဟုတ်ဘူး"

တစ်နေရာတွင် စုဝေးစွာရှိနေကြသော ပျားအုပ်စုထဲမှ ပျားထီးတစ်ကောင်က ရဲဝံ့စွာ ပြောလိုက်သည်။

"ထိုးစစ်ဆင်လာမှာကို အချက်ပြမဲ့မြွေခွေးကို ထိန်းချုပ်လိုက်ရမယ်၊ အဲ့ဒီတာဝန်ကို ကျုပ်ယူတယ်၊ ကျုပ်ယူတယ်"

သစ်တောက်ငှက်သည်ပျားထီးကိုအကဲခတ်ကြည့်ရှုလိုက်သည်။

"အင်း . . . သူပြောပုံဆိုပုံအရဖြစ်နိုင်ခြေရှိပါတယ်" ဟု သစ်တောက်ငှက်စိတ်ထဲမှာ သုံးသပ်နေလိုက်သည်။

"ကျုပ်ကိုတာဝန်ပေးပါ"

ပျားထီးက ရဲဝံ့စွာ တောင်းဆိုလိုက်သည်။

"ကျုပ်ဘက်ကကျေပွန်ရမယ်ဆိုတာ ကျုပ်အာမခံတယ်၊ နားလည်တယ်၊ ကျုပ်တို့ပျားကောင်တွေဆိုတာလည်း အစဉ်အလာရှိကြသူတွေပါပဲ"

"ကောင်းပြီလေ"

သစ်တောက်ငှက်ကအဆုံးအဖြတ်ပြုသည့် အနေဖြင့်

ပြောသည်။

"မင်းဘက်ကတာဝန်ကျေပါစေ၊ ထိရောက်ပါစေ"

"ကျုပ်အာမခံပြီးပြီ"

များထီးက နီဂိုးချုပ်လိုက်သည်။

"ကဲ . . . ကျန်ရှိနေကြတဲ့ ငှက်တွေအားလုံး၊ အင်းဆက်ပိုးကောင်တွေအားလုံး မနက်ဖြန် မွန်းတည့်ချိန်မှာ ကောင်းကင်မှာအားလုံးရောက်ရှိနေကြရမယ်၊ မိမိတို့နားခိုနေတဲ့ သစ်ပင်တို့အသိုက်တို့ အုံထဲကျင်းထဲတို့မှာတစ်ကောင်မှ ကျန်ရှိမနေရဘူး၊ ကျုပ်တို့ရဲ့သွေးကိုပြရမယ့်အချိန်ရောက်ပြီ၊ ကောင်းကင်မှာ နေရာယူကြ၊ ပျံဝဲကြ၊ ကောင်းကင်မှာ ကွက်ပြည့် စုစည်းရှိနေကြ၊ စွမ်းအားရှိသမျှအသံပြုကြ၊ ဟစ်ကြ၊ အော်ကြ၊ အသံပေါင်းစုံတစ်ခဲနက်လွှင့်ပျံ့နေပါစေ၊ တစ်ဘက်ကဝက်ဝံနဲ့ သူ့အပေါင်းပါတွေ အသံလှိုင်းကြားမှာ ချောက်ချားတုန်လှုပ်သွားကြမှာ အမှန်ပဲ၊ တို့ကိုမှုလောက်စရာမရှိဘူးဆိုပြီး အထင်အမြင်သေးသိမ်လို့မရနိုင်ဘူးဆိုတာ မနက်ဖြန်မွန်းတည့်ချိန်မှာ ပေါ်လွင်အောင် ထုတ်ဖော်ပြသကြရမယ်၊ ဒါပဲ . . . ."

ခေါင်းဆောင်သစ်တောက်ငှက်၊ ဘက်တော်သားများဖြစ်ကြသည့် ငှက်အမျိုးအစားများ၊ အင်းဆက်ပိုးကောင်ပိုးမွှားများ

များ တက်ကြွနေကြသည်။ သည်ကဲ့သို့နှယ်ဖြစ်ကြရမည်ပဲဖြစ်သည်။ ဦးစွာ ပထမပိတ်ဓါတ်၊ ထို့နောက် လုပ်ရည်ကိုင်ရည် အစီအမံ။

* * *

ယနေ့ဝက်ဝံတို့ဘက်မှ သစ်တောက်ငှက်တို့ဘက်သို့ စတင်ထိုးစစ်ဆင်လာမည့်နေ့ဖြစ်သည်။ မွန်းလွဲချိန်သို့ရောက်ပြီ၊ ကောင်းကင်ပြင်တွင် ရွေ့လျားနေသောတိမ်တိုက်တိမ်စိုင်များကို ပင်၊ ဖုံးအုပ်လုနီးပါးထင်မှတ်ရသည်။

သစ်တောက်ငှက်နှင့် သူ့ဖါဘက်တော်သားငှက်အမျိုးအစားများစွာ၊ အင်းဆက်ပိုးကောင် ပိုးမွှားများစွာတို့သည် ကောင်းကင်ပြင်တွင် အကြားမလပ် ဝဲပျံနေကြသည်။ တောင်ပံခတ်သံများသည် သာမန်ထက်ပိုမိုကျယ် လောင်စွာရှိကြသည်။

ဘဘသာဘာဝအလျောက် အော်မြည်သံ၊ တွန်သံများသည်လည်း အလားတူစွာ ဆူညံနေကြသည်။ မိုးကောင်းကင်တွင် တိမ်သားတိမ်စိုင်များက ရွေ့လျားနေကြ၊ ငှက်များနှင့် အင်းဆက်ပိုးမွှားများသည်လည်း ဝဲပျံနေကြဖြင့် ရှုပ်ရှက်ခတ်စွာ အုတ်အော်သောင်းတင်းအနေအထားဖြစ်နေကြသည်။

ထိုအချိန်မှာပင် ဝက်ဝံဦးစီးဦးဆောင်သော အုပ်စုမှ

အုပ်စုဝင် တောကောင်သားကောင်များသည်လည်း အသင့် အနေအထားမှာ ရှိနေကြသည်။

ဝက်ဝံနှင့်သူ၏လက်ထောက်အချို့သည် ကောင်းကင် ပြင်သို့ စူးစမ်းစွာကြည့်နေမိကြသည့် အထိဖြစ်နေသည်။

"ဒီငှက်အစုတ်ပလုတ်တွေ ကောင်းကင်မှာ ဝဲပျံနေ လိုက်ကြတာ နေရာလပ်မရှိတဲ့အထိဖြစ်နေတယ်"

"မြေပြင်မှာ ယှဉ်ပြိုင်တိုက်ခိုက်ရမဲ့ငှက်တွေက ကောင်းကင်ပေါ်မှာ အင်အားပြနေလိုက်ကြသေးတယ်"

"သူတို့ကို အလွယ်ကလေးနိုင်မှာပါ"

"ဟ . . . ကောင်းကင်ပေါ်မှာရောက်ရှိနေကြတာ၊ ဝက်ဝံဦးစီးတဲ့ တို့သားကောင်တောကောင်တွေနဲ့ ယှဉ်ပြိုင်တိုက် ခိုက်ရမှာကို ကြောက်ရွံ့ကြလို့ ရှောင်နေကြတိမ်းနေကြနဲ့ တူပါ တယ်"

"ဟား . . . ဟား . . . ဟား . . . "

ရယ်သံများသည် ဆူညံစွာထွက်ပေါ်လာ၏။

"ကောင်းကင်မှာတောင်ရှောင်နေကြတာလား၊ တို့ သားကောင်တောကောင်တွေမှာ အတောင်ပံကိုယ်စီကိုယ်ငှ မရှိ ကြလို့ရှိများရှိရင် ကောင်းကင်ပေါ်အထိတက်တိုက်လိုက်ချင်ပါ

ရဲ့ ငှက်နောအစုတ်အပဲ့တွေ"

"မြေပြင်မှာလည်း တို့နဲ့တိုက်ဘို့ သူတို့ငှက်တွေ အင်အား ချန်ထားတာလည်း ရှိနေမယ်၊ ဒီငှက်စုတ်စုတ်ချာချာတွေက ဉာဏ်အများသားနော်"ဟု အတွေ့အကြုံရှိခဲ့ဟန်တူသော တောင်ဆိတ်တစ်ကောင်က ချိန်ဆပြောဆို၏။

"ဟော . . . ဟော . . . ဟော . . . တိုမှာ . . . တိုမှာ . . . တို့ရဲ့အကြီးအကဲ မြေခွေး . . . မြေခွေးသူရဲ့ အမြီးတည့်တည့်မတ်မတ်နဲ့ အချက်ပြနေတယ် . . . အချက်ပြနေတယ်"

ဝက်ဝံနှင့်သူ၏နောက်လိုက်နောက်ပါများ မြေခွေး၏ အမြီးထောင်မတ်နေသည့် အနေအထားကို ထင်သာမြင်သာ ဖြစ်သွားကြသည်။

"အဲ့ဒါအန္တရာယ်ရှင်းလင်းတယ်တဲ့၊ ရှေ့ကိုဆက်လက်ချီတက်ကြဆိုတဲ့ သင်္ကေတကိုပြသလိုက်တာ"ဟု ဝက်ဝံနှင့်သူ၏ နောက်လိုက်နောက်ပါများက ချက်ချင်းသိရှိလိုက်ကြသည်။ မြေခွေးသည် စစ်ရေးစစ်ရာကိုကြိုတင် အကြံပြုထားပြီးပြီပဲ။

သို့ဖြင့် ဝက်ဝံနှင့်သူ၏နောက်လိုက်နောက်ပါများသည်

တက်ကြွစွာဖြင့် ရှေ့သို့တက်လှမ်းလာကြသည်။

ထိုအချိန်မှာပင် သစ်တောက်ငှက်၏ဘက်တော်သား တစ်ဦးဖြစ်သူ ပျားထီးသည် အကြံပေးမြေခွေးအနီးသို့ တစ်ဟုန်ထိုး ရောက်ရှိလာသည်။ မြေခွေးသည် ပျားထီးကို မတွေ့မမြင်ပါပေ၊ ပျားထီးသည် အရွယ်အစားသေးငယ်သည်ပဲ၊

ပျားထီးသည် မြေခွေး၏အမြီးကို တုပ်လိုက်လေသည်။

"အား . . . ."

မြေခွေးသည်နာကျင်သွား၏၊ အော်လိုက်မိ၏၊ သို့သော်ငြား မြေခွေး၏အမြီးသည် ထောင်ထောင်မတ်မတ်ဖြစ်ဆဲဖြစ်သည်။ ဝက်ဝံနှင့်သူ၏နောက်လိုက်နောက်ပါများသည် တရွေ့ရွေ့ချီတက်လာဆဲဖြစ်သည်။

ပျားထီးသည် ဝက်ဝံနှင့်သူ၏နောက်လိုက်နောက်ပါများကို မြင်သည်။ "ဟာ . . . သူတို့ရှေ့ကိုတက်လာကြတယ်၊ ဒါသူတို့ရဲ့ထိုးစစ်ကိုး" ပျားထီးသတိပြုမိလိုက်သည်။

ပျားထီး သည် မြေခွေး၏ထောင်မတ်နေသော အမြီးကို ထပ်မံ၍ တုပ်လိုက်သည်။ မြေခွေး နာကျင်သွားသည်။ ပျားထီး ရိပ်စားမိလိုက်သည်။

သို့သော်ငြား မြေခွေးသည် သူ၏အမြီး နာကျင်နေသည့်

အဖြစ်ကို အောင့်အည်းစွာနေနေလိုက်သည်။ သူ၏အမြီးသည် ထောင်မတ်ဆဲ၊ ဝက်ဝံနှင့်အပေါင်းပါများသည် တရွေ့ရွေ့ချီတက်လာကြဆဲ၊

ဤအချိန်တွင်ကောင်းကင်ပြင်တွင် သစ်တောက်ငှက်ဦးဆောင်သော ငှက်များနှင့် အင်းဆက်ပိုးမွှားကောင်များ၏ အော်သံဟစ်သံတွန်သံများသည်လည်း တစ်ခဲနက်ဆူညံလွင့်ပျံ့ဆဲပဲဖြစ်သည်။ ကောင်းကင်တစ်ခွင်တစ်ပြင်မှ အသံဗလံများသည် စူးရှသည်၊ ကြောက်ဖွယ်ရာပင်ဖြစ်သည်။

မိုးခြိမ်းသံပေပဲလား၊ မိုးကြိုးသံပေးပဲလား၊ ထင်မှတ်မှားဖွယ်ရာ၊ ကြောက်စရာ။

မြေခွေးသည် သူ၏နာကျင်မှုကိုအမှတ်မဲ့ဖြစ်နေသည်ဟူ၍ ပျားထီးသတိပြုလိုက်မိသည်။

"အင်း . . . ဒီအကြိမ်သိရစေမယ်"

ပျားထီးကြုံးဝါး၏။ ထို့နောက်ပျားထီးသည် မြေခွေး၏ ထောင်မတ်နေသောအမြီးကို သုံးလေးကြိမ်မျှမက ဆက်ခါဆက်ခါ တုပ်လိုက်လေသည်။

"အား . . ."

ဤအကြိမ်တွင် မြေခွေးအထိနာသွား၏။ နာကျင်သည့်

ဒဏ်ကိုသူမခံမရပ်နိုင်စွာဖြစ်ရသည်။ သူသည် သူ၏သောင်းမတ် ထားသော အမြီးကို ရုတ်တရက်အောက်သို့ နှိမ့်ချလိုက်သည့် အထိပင်ဖြစ်ရသည်။

"ကာ . . . မြေခွေး၊ သူအချက်ပြနေတာ ပြောင်းလဲလိုက်ပြီ" မြင်းကျားက အော်ဟစ်ပြောလိုက်၏။

"သူ့အမြီးကိုအောက်ကို လှဲချပြလိုက်ပြီ၊ နှိမ့်လိုက်ပြီ၊ သူပြောထားတယ် အဲဒ့ါရှေ့ကို ဆက်လက်ချီတက်မလာကြနဲ့၊ အခြေအနေမကောင်းဘူး၊ ရန်သူရဲ့ဝိုင်းရံဆို့ပိတ်တာကိုခံကြရမယ်ဆိုတဲ့ အချက်ပြလိုက်တဲ့သဘော"

ဝက်ဝံအပါအဝင်ကျန်ရှိသည့်တောကောင် သားကောင်များသည်လည်း ကိုယ်စီကိုယ်စီဖြင့် မြေခွေး၏ဝကားကို သတိရရှိလိုက်ကြသည်။

" အမြန်ပြန်ဆုတ်ကြ "

ဝက်ဝံက အမိန့်ပေးလိုက်သည်။

"ပြန်ဆုတ်ကြ၊ မြေခွေးအော်ဟစ်ပြေးပြီ"

စင်စစ်မြေခွေးသည် ပျားထိုးတုပ်သည့်အကြိမ်များစွာ ခံစားလိုက်ရသည်၊ သူသည်အမြီးမျှကိုသာမက သူ့ကိုယ်သူပင် နာကျင်နေသည့်အဖြစ်ကို သည်းမခံနိုင်လွန်းစွာ ပြေးမိ ပြေးရာသို့

ပြေးထွက်သွားခြင်းပင်ဖြစ်သည်။

မြေခွေးပြေးရာသို့ ဝက်ဝံနှင့်သူ၏အဖော်အဖက်များသည်လည်း တောင်မှန်းမသိမြောက်မှန်းမသိ စွတ်ခနဲပြေးကြလိုက်ကြသည်။ အုန်းအုန်းကျွက်ကျွက်ဖြစ်ကုန်ကြသည်။ သူတို့တစ်တွေ၏ ခြေသံများသည်ဆူညံနေ၏။

မိုးကောင်းကင်ပေါ်မှာလည်းသစ်တောက်ငှက်နှင့် ယင်း၏ ဘက်တော်သားငှက်များနှင့်အင်းဆက်ပိုးမွှားကောင်များ၏ အသံဗလံသည်လည်း ဆူညံနေ၏။ ကောင်းကင်မှာလည်း ဆူညံနေ၏။ မြေပြင်မှာလည်း ဆူဆူညံညံဖြစ်နေ၏။ ဝရုန်းသုန်းကားဖြစ်နေကြသည်။

သစ်တောက်ငှက်နှင့် သစ်တောက်ငှက်ဘက်တော်သားများ၊ ဝက်ဝံနှင့်ဝက်ဝံဘက်တော်သားများ တစ်ဘက်နှင့်တစ်ဘက်အချင်းများကြသည့်ဖြစ်ရပ်သည် ပြီးဆုံးခဲ့ပြီဖြစ်သည်။

မည်သည့်အုပ်စုကအနိုင်ရရှိခဲ့သည်။ မည်သည့်အုပ်စုကအရေးနိမ့်ပါးခဲ့သည်။ သစ်တောက်ငှက်အုပ်စုပေလော၊ ဝက်ဝံအုပ်စုပေလောဟု စစ်ကြောရန်ပင် မလိုအပ်တော့ပါပေ၊

ဥမကွဲသိုက်မပျက်ဖြစ်ခဲ့သည့်အုပ်စုသည် မည်သည့်အုပ်စုဖြစ်ပါသနည်း၊ ကစဥ့်ကလျား၊ တောင်ရောက်မြောက်

ရောက်၊ ဖရိုဖရဲအလဲလဲအပြိုပြိုဖြစ်ကြရသူများမှာ မည်သူများ ဖြစ်ကြပါသနည်း။ သဲကွဲပါသည်။ ရှင်းပါသည်။

အဓိကကျကျစွမ်းဆောင်နိုင်ခဲ့ကြသူများမှာ အရွယ်အစား အလွန့်အလွန်သေးငယ်ပါသော ခြင်ကောင်နှင့်ပျားကောင်တို့ပဲဖြစ်ကြပါသည်။ အရေးကြုံလာကြသည့်အခါတွင် လုပ်ရည်ကိုင်ရည် ကြံရည်ဖန်ရည်ထက်မြက်ရန်သာလျှင် အထူးတလည် လိုအပ်ပါသည်။

မောင်မဟာ

* * * * *

မိတ်ဆွေစာပေ